ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၊ (24-5-2005) (၄၆၀၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ လားရှိုးမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်မှု လှည့်လည်ကြည့်ရှု

ရန်ကုန် မေ ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၂၀ရက် မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်၏ မက္ကဒေးမီးယားနှင့် ကတ်တီမိုးကော်ဖီပျိုးဥယျာဉ်အတွင်း တစ်နှစ်သားအရွယ်ရှိ မက္ကဒေးမီးယားပျိုးပင် ၁၅၀၀၀၊ ကတ်တီမိုးကော်ဖီပျိုးပင် ငါးသိန်းတို့ကို တိုက်ရိုက်ရေဖျန်းစနစ်ဖြင့် စနစ်တကျ ပျိုးထောင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

သုတေသနစိုက်ခင်း

ယင်းနောက် တိုင်းမှူး၊ဝန်ကြီးများနှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း၏ ဆင်းရွှေလီ အထူးအထွက်ကောင်းစပါး သုတေသနစိုက်ခင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ မန်ဆူကျေးရွာအနီးရှိ ကောက်ကွေ့ချောင်း ရေလှောင်တမံ အသစ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးများက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေး၍ ရှုရပ်နေရာမှ လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများသည် လားရှိုးမြို့နယ် နားလျှံဒေသ ကုန်းမြင့်ယာမြေ အမှတ်(၄) ဧက ၅၀၀၀ ဖော်ထုတ်ရေး စီမံကိန်းသို့ ရောက်ရှိကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်သည်။

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ သမတပိုင်းလော့ ရေယာဉ်မောင်းနှင်ခန်းတွင် တပ်ဆင်ထားသော ခေတ်မီစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ကျေးလက်လမ်းသစ်ဖွင့်ပွဲ တက်ရောက် အတ္ထုရုံမြစ်ကူးတံတားနေရာ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွကျေးရွာ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉နာရီတွင် အဆိုပါကတ္တရာလမ်းသစ်ဖွင့်ပွဲမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကတ္တရာလမ်းသစ်ဖြစ်မြောက်ရေးကော်မတီဝင် ဦးချစ်ဝေက ကတ္တရာလမ်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ချောင်းနှစ်ခွကျေးရွာမှ ဦးသောင်းညွန့်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ချောင်းနှစ်ခွကျေးရွာ ကတ္တရာလမ်းသစ်ကို နယ်မြေခံ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ကျော်ငြိမ်း၊ မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် ချောင်းနှစ်ခွကျေးရွာဥက္ကဋ္ဌ ဦးအုန်းကြိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါချောင်းနှစ်ခွကျေးရွာ ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသည် မူလဂဝံလမ်းဖြစ်ပြီး လမ်းအရှည် ၁၇၆၈ပေ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ သမတပိုင်းလော့ရေယာဉ်စစ်ဆေး ခေတ်မီပုံစံသစ်ဖြင့် မြန်မာအင်ဂျင်နီယာများက မွမ်းမံတည်ဆောက်ခဲ့

ရန်ကုန် မေ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ယနေ့ မွန်းလွဲပိုင်းတွင် ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပြန်လည်မွမ်းမံတည်ဆောက်ပြီးစီးသော သမတပိုင်းလော့ရေယာဉ်ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများက ရေယာဉ်မောင်းခန်းတွင် ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုသည့် အခြေအနေများကို ရှင်းလင်းပြသကြသည်။

ထို့နောက် ရေယာဉ်ဧည့်ခန်း၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက ရေယာဉ်သမိုင်းကြောင်းနှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အဆင့်ဆင့်ကိုလည်းကောင်း၊ စတင်အသုံးပြုမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၄-၅-၂၀၀၅
(အင်္ဂါနေ့)

ထာဝရငြိမ်းချမ်းရေးလမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်း နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးဖြစ်သည်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ကြောင်းကျိုးဆီလျော် မှန်ကန်သည့်မူဝါဒများဖြင့် လမ်းပြဖော်ဆောင်မှု၊ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်သောစွမ်းအားဖြင့် ပါဝင်ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်တွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းရရှိနေပြီဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်၌ နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေကောင်းများ အပြန်အလှန် ဆက်စပ်အကျိုးပြုလျက် လိုက်လျောညီထွေ ဖွံ့ဖြိုး တိုးတက်လာနေကြောင်း တွေ့မြင်နေရသည်။ အထူးသဖြင့် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဦးတည်ချက်ကို အကောင်အထည်ဖော်ရာတွင် ပဓာနကျပြီး အမျိုးသား နိုင်ငံရေးစွမ်းအား တည်ဆောက်ရာ၌ အဓိကကျသည့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး အောင်မြင်မှုရရှိစေရန် ကြိုးပမ်းနိုင်ခဲ့သည်။

ယင်းသို့ နိုင်ငံတော်တွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိဖြစ်ထွန်းနေချိန်တွင် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA)အဖွဲ့ တပ်မဟာ(၁၁)မှ ဦးကန်န ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် ဧပြီလ ၁၂ ရက်နေ့က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်ခဲ့ကြသည်။ အလားတူ ဦးအိုက်မုန်း ခေါင်းဆောင်သည့် (PSLA) ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကလည်း ဧပြီလ ၂၉ ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်ခဲ့ကြသည်။

ယခုထပ်မံ၍ ဦးဂုဏ်ခေးခေါင်းဆောင်သော ရှမ်းပြည် အမျိုးသားတပ်မတော်(SSNA) တပ်မဟာ (၁၉)က မေလ ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ၌ ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် လဲလှယ်ခဲ့သည်ကို တွေ့ရသည်။

ရှမ်းပြည် အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်သည့် အခမ်းအနားသို့ တပ်မဟာမှူး ဦးဂုဏ်ခေး၊ ဒုတိယတပ်မဟာမှူး ဦးခမ်းလျှန်၊ တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းအောင်၊ ဦးစိုင်းထွန်း၊ ဦးစိုင်းတောနှင့် ဦးစိုင်းချန်တို့ အပါအဝင် တပ်ဖွဲ့ဝင်စုစုပေါင်း ၃၂၅ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်လိုက်ခြင်းသည် လားရှိုးမြို့နယ် နမ့်ပေါင်ဒေသရှိ တိုင်းရင်းသားညီအစ်ကိုများအတွက်သာမကဘဲ ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင်လုံးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်ပါ ငြိမ်းချမ်းသာယာမှု အနှစ်သာရများ လွှမ်းခြုံလျက်ရှိကြောင်း ဖော်ညွှန်းနေပေသည်။

မျက်မှောက်အခြေအနေတွင် ကိုလိုနီလက်သစ်များက တိုင်းရင်းသားပြည်သူများ၏ အကျိုးကို လိုလားသယောင် အကြောင်းအမျိုးမျိုးပြ၍ သွေးခွဲစည်းရုံးလျက်ရှိရာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက နိုင်ငံတော်၏ ဦးဆောင်မှုအောက်တွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အတူတကွပေါင်းစည်းနေထိုင်သွားကြရန် လိုအပ်မည်ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ၌ အောင်မြင်စွာကျင်းပခဲ့သည့် ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်ပွဲသည် မည်သူတို့က မည်သို့ပင် လုပ်ကြံဖန်တီး သွေးခွဲကြနေစေကာမူ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ အပေါင်းတို့သည် တစ်သွေးတည်း၊ တစ်သားတည်း ထာဝစဉ်လက်တွဲ ခိုင်မြဲနေမည်သာ ဖြစ်ကြောင်း ဖော်ညွှန်းပြသလျက်ရှိပေသည်။

သို့ဖြစ်ရာ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် လဲလှယ်ခဲ့ကြသည့် နယ်မြေဒေသများတွင် ထာဝရငြိမ်းချမ်းရေးနှင့်အတူ နိုင်ငံတော်၏ မေတ္တာစေတနာအပြည့်အဝဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းပေးမှုများကြောင့် ပိုမိုတည်ငြိမ် အေးချမ်းသာယာလျက် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်ဌေးဦး မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်စိုက်ခင်းများကြည့်ရှု

ကြည့်ရှု စစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဧရာဝတီတိုင်း၊ မအူပင်မြို့နယ် ဝါးတောကျေးရွာအုပ်စုတွင် စိုက်ပျိုးထားသည့် မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော် စိုက်ခင်းအား ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

ရန်ကုန် မေ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်း မအူပင်မြို့နယ် ဝါးတောကျေးရွာအုပ်စု ရေနံချောင်းကျေးရွာတစ်ဝိုက်၌ စိုက်ပျိုးထားသည့် မိုးကြိုဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်စိုက်ခင်းများကို ယမန်နေ့က သွားရောက်ကြည့်ရှုပြီး တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စများကို ဆွေးနွေးသည်။

ဝန်ကြီးနှင့်အဖွဲ့အားမအူပင်ဇုန်မြန်မာ့ဂုန်လျှော် ပစ္စည်းလုပ်ငန်း မန်နေဂျာက မအူပင်ဇုန်၌ ဂုန်လျှော် စိုက်ပျိုးရေးနှင့် ဝယ်ယူရေးစခန်း ၂၃ခုဖြင့် လုပ်ငန်းဆောင်ရွက်မှု၊ စိုက်ပျိုးဧက တိုးတက်လာမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဂုန်လျှော်၊ ချဉ်ပေါင် လျှော်စိုက်ဧက တိုးချဲ့သကဲ့သို့ တစ်ဧက အထွက်နှုန်းတိုးတက်ရေးနှင့် တောင်သူများ ဝင်ငွေတိုးရန် ဌာနမှ မျိုး၊ နည်းပညာပံ့ပိုးပစ္စည်းတို့ ကူညီမှုပေးရန်မှာကြားသည်။

ယင်းနောက် ဂုန်လျှော်စိုက် တောင်သူများက ဂုန်လျှော်စိုက်ပျိုးမှု အတွေ့အကြုံများ တစ်ဧကပိဿာ ၂၀၀ကျော်၊ ပိဿာ ၃၀၀ခန့် ထွက်ရှိနိုင်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးသည် တောင်သူများနှင့်အတူ ဖြစ်ထွန်းအောင်မြင်နေသည့် မိုးကြိုဂုန်လျှော် စိုက်ခင်းနှင့် ချဉ်ပေါင်လျှော် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတွင်ကျယ်စေရန် လယ်ယာလုပ်ငန်းခွင်၌ စက်ကိရိယာအသုံးပြုရေး၊ တောင်သူများလိုအပ်သည့် လက်တွန်းထွန်စက်နှင့် စက်ကိရိယာများ အရစ်ကျရောင်းချပေးရေး၊ ဌာနမှ စက်ကိရိယာများငှားရမ်းအသုံးပြုရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တောင်သူများနှင့် ပန်းတိုင်အထွက်နှုန်းရရှိနိုင်သည့် စပါးမျိုးများစိုက်ပျိုးထုတ်လုပ်ရေး၊လယ်ယာသုံး လက်တွန်းထွန်စက်၊ကျေးလက်ဒေသသုံးသယ်ပို့ယာဉ်များဝယ်ယူအသုံးပြုရေးကိစ္စများကို ဆွေးနွေးရာ မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် မြန်မာ့ဂုန်လျှော် ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲဖုန်းမြင့်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းတို့က ဌာနများက ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ မေလ (၁၇)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၇၁၁၆)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

သဘော်သားအကူ(လူသစ်) အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန သင်္ဘောသားအကူ(လူသစ်) အခြေခံသင်တန်း(၁/၂၀၀၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံက်ရနာရီတွင် ဗိုလ်တထောင်ဆိပ်ကမ်းအမှတ်(၅)တံတားရှိ မြသီတာသင်္ဘောဒါန်သင်တန်းကျောင်း၌ ကျင်းပရာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် တက်ရောက်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၅-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် – A Day's Wait. (ဒုတိယနှစ်-အင်္ဂလိပ်စာအထူးပြု)**
၅:၂၅ ၉။ ပညာခေတ်
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကျောက်မဖြစ်တဲ့နှလုံးသားရုပ်ကြွင်း (အပိုင်း-၁၉)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ကျန်းမာသုတအစီအစဉ်
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်ကသိုင်းလုလင်" အပိုင်း (၂၁)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကဝမြို့နယ် သမိုင်းဝင် ကျိုက်မတ်ကော်စေတီတော် စိန်ဖူးတော်တင်လှူပွဲ တက်ရောက်

ရန်ကုန် မေ ၂၃

ပဲခူးတိုင်း ကဝမြို့နယ်ရှိ သမိုင်းဝင် ကျိုက်မတ်ကော်စေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်လှူပွဲကို ယမန်နေ့ကကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်ကြသည်။

ပင့်ဆောင်တင်လှူ

ရှေးဦးစွာ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော် ယာယီထားရှိ အပူဇော်ခံရာ စံကျောင်း၌ ဆရာတော်ဘဒ္ဒန္တ သုန္ဒရ ဦးဆောင်၍ စိန်ဖူးတော်အတွင်းသို့ ရတနာပစ္စည်းများ ထည့်သွင်းပူဇော်ပြီး ရထားပျံဖြင့် ပင့်ဆောင်မည့်နေရာသို့ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးများနှင့် အလှူရှင်များက ပင့်ဆောင်ကြသည်။ ထို့နောက် စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့အား ရထားပျံဖြင့် စေတီတော် အထွတ်သို့ ပင့်ဆောင်တင်လှူကြသည်။

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ကဝမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး မြို့နယ်အလုပ်အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေး မှုနှင့် စာရိတ္တပညာ သင်တန်းများ၌ ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ဆုချီးမြှင့်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး မြို့နယ်အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားက သနပ်ပင် မြို့နယ်အတွင်း ဖွင့်လှစ်ပြီးစီးခဲ့သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းများ၌ ထူးချွန်ဆုရရှိခဲ့ကြသူ များအား ဆုချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်အတွင်း ကျောင်းနေ အရွယ် ကလေးများ ကျောင်းအပ်နှံနိုင်ရေးအတွက် အလှူငွေနှင့် ကျန်းမာရေး အတွက် ဆေးပစ္စည်းများကို ပေးအပ် လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် သည် ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအစီအစဉ်ဖြင့် ဖွင့်လှစ် ခဲ့သည့် သင်တန်းများဆင်းပွဲ အခမ်း အနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး ထူးချွန်ဆုရရှိကြသူများ အား ဆုချီးမြှင့်သည်။ (သတင်းစဉ်)

အလှူငွေပေးအပ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း သနပ်ပင်မြို့နယ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံနိုင်ရေးအတွက် အလှူငွေ ပေးအပ်စဉ်။ (ရထား)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၃

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ မေ ၂၄ရက်မှ ၂၈ရက်အထိ ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် အစိုးရများ၏ အုပ်ချုပ်မှုပြန်လည်ဆန်းသစ်ရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ၎င်းနှင့်ဆက်စပ်ကျင်းပပြုလုပ်မည့် ပထမအကြိမ် အာဆီယံ+၃ နိုင်ငံ အစိုးရများ၏ အုပ်ချုပ်မှုနှင့်ပတ်သက်၍ စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဆိုးလ်မြို့သို့ ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဂျူပွမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ဝဲပုံ)** (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းနှင့် စင်ကာပူနိုင်ငံ L & Z Trading and Investment Pte Ltd. **တို့၏ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစု၌ အကောင်အထည်ဖော်လျက်ရှိသော ကြွေရည်သုတ်ပစ္စည်းနှင့် အိမ်သုံးပစ္စည်းစက်ရုံ စီမံကိန်း စက်ပစ္စည်းများ ပေးသွင်းရေးအတွက် စာချုပ်ချုပ်ဆိုပွဲတွင် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးအေးမောင်နှင့် စင်ကာပူနိုင်ငံ** L & Z Trading and Investment Pte Ltd မှ Managing Director Mr. Alex K. Mani **တို့ စာချုပ် လက်မှတ်ထိုးပြီး လဲလှယ်ကြစဉ်။** (စက်မှု-၁)

ဆေးဝါးစက်ရုံစီမံကိန်း(အင်ရောင်း)နှင့် ကြွေရည်သုတ်ပစ္စည်းစက်ရုံ စီမံကိန်းတို့နှင့်ပတ်သက်၍ စာချုပ်ချုပ်ဆိုပွဲကျင်းပ

ရန်ကုန် မေ ၂၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းနှင့် စင်ကာပူသမ္မတနိုင်ငံ PAVO TRADINGS PTE LTD (P & N CO., LTD.) **တို့၏ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အင်ရောင်း၌ အကောင်အထည်ဖော်လျက်ရှိသော ဆေးဝါးစက်ရုံစီမံကိန်း(အင်ရောင်း)တွင် တပ်ဆင်မည့် သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးနှင့် ပတ်သက်၍ စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းနှင့် စင်ကာပူသမ္မတနိုင်ငံ** L & Z Trading and Investment Pte Ltd.**တို့၏ ကျောက်ဆည်မြို့နယ် မင်းစု၌ အကောင်အထည် ဖော်လျက်ရှိသော ကြွေရည်သုတ်ပစ္စည်းနှင့် အိမ်သုံးပစ္စည်းစက်ရုံစီမံကိန်းအတွက် စက်ပစ္စည်းများပေးသွင်းရေး စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားများကို ယနေ့မွန်းလွဲ ၁နာရီတွင် အမှတ်(၁)စက်မှု ဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။**

အခမ်းအနားသို့ အမှတ်(၁) စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သိန်းထွန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင် ညွှန်ကြားရေးမှူးများ၊ အဆိုပါ ကုမ္ပဏီ များမှ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

အစီအစဉ်အရ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် မြန်မာ့ အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြား ရေးမှူး ဦးအေးမောင်တို့က စာချုပ် ချုပ်ဆိုပွဲနှင့် စပ်လျဉ်း၍ အသီးသီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် PAVO Tradings Pte Ltd.(P & N Co.Ltd.) မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းငွေတို့က စာချုပ်ကို လက်မှတ် ရေးထိုးကြပြီး လဲလှယ်ကြသည်။

ဆက်လက်၍ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေး မောင်နှင့် L &Z Trading & Investment Pte Ltd မှ မန်နေဂျင်း ဒါရိုက်တာMr. Alex K. Maniတို့က စာချုပ်များကို လက်မှတ်ရေးထိုးကြပြီး လဲလှယ်ကြကာ အခမ်းအနားကို ရုပ်သိမ်းသည်။

ဆေးဝါးစက်ရုံစီမံကိန်း(အင်ရောင်း) တွင် သွေးကြောသွင်း ဆေးရည်ထုတ် လုပ်ရေး စက်ပစ္စည်းများကို တပ်ဆင် အကောင်အထည်ဖော် ပြီးစီးပါက တစ်နှစ်လျှင် ၅၀၀ ML သွေးကြော သွင်းဆေးရည် ၂ ဒသမ ၅သန်း ထုတ် လုပ်သွားနိုင်မည်ဖြစ်ပြီး ပြည်တွင်း လိုအပ်ချက်များကို သွင်းကုန်အစားထိုး ဖြည့်ဆည်းသွားနိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အထွေထွေနှင့် ပြုပြင် ထိန်းသိမ်းရေး စက်မှုလုပ်ငန်းက အကောင်အထည် ဖော်လျက်ရှိသော ကြွေရည်သုတ်ပစ္စည်းနှင့် အိမ်သုံးပစ္စည်း စက်ရုံစီမံကိန်းမှ တစ်နှစ်လျှင် အဆင့်မြင့် ကြွေရည်သုတ်ပစ္စည်းများ ခုရေ ၁၀ သန်းကိုလည်းကောင်း၊ စတီးလ် အိမ်သုံးပစ္စည်းများ တစ်နှစ်လျှင် ခုရေ သုံးသန်းကိုလည်းကောင်း ပြည်တွင်း လိုအပ်ချက်များနှင့်အညီ သွင်းကုန် အစားထိုး ထုတ်လုပ်သွားနိုင်မည် ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံ မြောက်အနောက်ရပ်ကွက် သီရိ ဂုဏ်ရည် ခြံအမှတ်(၁၀)နေ သီဟ သုဓမ္မ မဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေ ဇနီး ဒေါ်ကြည်ကြည် မိသားစုတို့က ဒေါ်ကြည်ကြည်၏ (၆၉)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ငွေပဒေသာပင်နှင့် သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးအတွက် ငွေကျပ် ၁၀သိန်းကိုနှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း က ကြီးမှူး၍ အခြေခံ ပန်းအလှပြုပြင်မှု သင်တန်း အမှတ်စဉ် (၄/၂၀၀၅)ကို ဇွန် ၆ ရက်မှ ၁၄ ရက်အထိ နေ့စဉ် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင် ၌ သင်တန်းသား၊ သင်တန်းသူ ၅၀ ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင် များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ် ၄၀၀၀၊ ပြင်ပပုဂ္ဂိုလ် များအတွက် တစ်ဦးလျှင် ကျပ် ၅၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူ များသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁သို့ဆက်သွယ် စာရင်းသွင်း တက်ရောက်နိုင်သည်။ (၄၅)

ကာကွယ်ရေးနှင့် အာကာသနယ်ပယ်တို့တွင် အိန္ဒိယနှင့်ရုရှား ဆက်လက်ပူးပေါင်းဆောင်ရွက်မည်

မေ ၂၂ရက်က အီရတ်နိုင်ငံ ဖလူးဂျာမြို့ရှိ အမေရိကန်စစ်စခန်း၌ လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မော်စကို မေ ၂၂

ရုရှားနိုင်ငံသို့ လေးရက်ကြာ အလည်အပတ်လာရောက်မည့် အိန္ဒိယသမ္မတ အေပီဂျေအဗ္ဗဒူလာခါလမ်၏ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေး မြင့်မားတိုးတက်စေပြီး ကာကွယ်ရေးနှင့်အာကာသနယ်ပယ်တို့တွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ရုရှားဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ကန်ဝါလ်ဆီဘယ်လ်က မြို့တော်မော်စကိုတွင် စနေနေ့က ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

အိန္ဒိယသမ္မတသည် ၎င်း၏ ယခင်လုပ်ငန်း စွမ်းဆောင်ချက်များအရ ရုရှားကာကွယ်ရေးဆိုင်ရာ သိပ္ပံပညာရှင်များနှင့် နီးနီးကပ်ကပ် ဆက်ဆံမှုရှိကြောင်း၊ ရုရှားနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာ အလားအလာများနှင့် ပတ်သက်၍ ၎င်းမှာ ကောင်းစွာ သိရှိနားလည်ကြောင်း၊ ကာကွယ်ရေးနှင့် အာကာသရေးရာများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များကို သမ္မတ ဗလာဒီမာပူတင်နှင့် ဆွေးနွေးမည်ဖြစ်ကြောင်း၊ ရုရှားအစိုးရ၏ ဧည့်သည်တော်အဖြစ် မြို့တော်မော်စကိုသို့ သမ္မတခါလမ် ရောက်ရှိမလာမီ အိန္ဒိယသံအမတ်ကြီးက အိန္ဒိယသတင်းဌာနများမှ သတင်းထောက်များအား ပြောကြားသည်။

သမ္မတခါလမ်သည် လေးနိုင်ငံ ခရီးစဉ် တစ်စိတ်တစ်ဒေသအဖြစ် ရုရှားခရီးစဉ်ကို တနင်္လာနေ့တွင် စတင်မည်ဖြစ်သည်။

အလည်အပတ်ခရီး

အိန္ဒိယသမ္မတသည် ရုရှားနိုင်ငံအပြင် ဆွစ်ဇာလန်၊ အိုက်စ်လန်နှင့် ယူကရိန်းနိုင်ငံတို့သို့လည်း အလည်အပတ်သွားရောက်မည်ဖြစ်သည်။

သမ္မတခါလမ်သည် မြို့တော်မော်စကိုတွင် ရုရှားခေါင်းဆောင်များနှင့် တွေ့ဆုံသည့်အခါ ခရုဇ်ဒုံးကျည် စီမံကိန်းကဲ့သို့သော ကာကွယ်ရေး လုပ်ငန်းဆိုင်ရာ နှစ်နိုင်ငံ ဖက်စပ်လုပ်ငန်းသစ်များ ဆောင်ရွက်ရေးကိစ္စကို ဆွေးနွေးမည်ဖြစ်ကြောင်း သံအမတ်ကြီးက ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ်၏ ကာကွယ်ရေးအကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလက အဗ္ဗဒူလာ ခါလမ် ကိုယ်တိုင်ကြီးကြပ်မှုဖြင့် ခရုဇ်ဒုံးကျည် စီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့သည်။

အိန္ဒိယနှင့် ရုရှားနိုင်ငံတို့သည် ပူးတွဲသုတေသနပြုလုပ်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်တင်ပို့ခြင်းတို့မှတစ်ဆင့် ကာကွယ်ရေးဆိုင်ရာ ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများတွင် မိတ်ဖက်ပြုဆောင်ရွက်မှုများကို ဆက်လက်အားပေးသွားမည်ဖြစ်ကြောင်း သံအမတ်ကြီးက ပြောကြားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

လုံခြုံရေးကောင်စီ တိုးချဲ့ရေးဆုံးဖြတ်ချက် တစ်ခဲနက်ချမှတ်ရန် ခဲယဉ်းမည်ဟုဆို

ဝါရှင်တန် မေ ၂၂

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (ယူအင်န်အက်စ်စီ)တိုးချဲ့ ဖွဲ့စည်းရေးဆိုင်ရာဆုံးဖြတ်ချက်ကို ကမ္ဘာ့နိုင်ငံများက တစ်ခဲနက်ချမှတ်နိုင်မည်မဟုတ်ကြောင်း၊ အကြောင်းမှာ လုံခြုံရေးကောင်စီ တိုးချဲ့ရေးကိစ္စကို ဆွေးနွေးသည့်အခါ သဘောထားကွဲပြားခြားနားကာ ရလဒ်ပေါ်ထွက်နိုင်ခြင်းမရှိသောကြောင့်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေး အတွင်းဝန် ရှာယမ်ဆာရန်က ပြောကြားသည်။

တွေ့ဆုံ

ဆာရန်သည် အမေရိကန် ပြည်ထောင်စုသို့ သွားရောက်မည့် အိန္ဒိယကာကွယ်ရေးဝန်ကြီး ပရန်နက်မူခါဂျီး၏ ခရီးစဉ်မစတင်မီ အမေရိကန်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေး

အိန္ဒိယနိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင် နိုင်ငံဖြစ်ရေး ကိစ္စရပ်တစ်ခုတည်းကိုသာ အာရုံစိုက်မည်မဟုတ်ကြောင်း၊ လုံခြုံရေးကောင်စီ တိုးချဲ့ရေးကိစ္စကို ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးကိစ္စနှင့် ယှဉ်တွဲကာ ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ဆာရန်က ပြောကြားသည်။

မိမိသည် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးကိစ္စနှင့် စပ်လျဉ်း၍ အမေရိကန်တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း ဆာရန်က ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်မှုအရ မှတ်တမ်းကောင်းများရှိထားပြီး စီးပွားရေးခိုင်မာတိုးတက်လာသည့် နိုင်ငံဖြစ်ခြင်းကြောင့် လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်လာရန် ရည်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လှုပ်ရှားလာနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ပီတီအိုင်။***

ဘာကူဘာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အီရတ် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် မေ ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ပိုင်းရှိ ဘာကူဘာမြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦး ကြာသပတေးနေ့က သေဆုံးခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘာကူဘာမြို့တွင် ယင်းကဲ့သို့ ဗုံးပေါက်ကွဲရာတွင် အခြားရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦးလည်း ထိခိုက် ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ဘာကူဘာမြို့သည် ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ဘက် ကီလိုမီတာ ၆၀ ခန့် အကွာတွင်ရှိသည်။ ထိုအတောအတွင်း လက်နက်ကိုင်များက အီရတ် ရေနံဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအား ဘဂ္ဂဒက်ရှိ ၎င်း၏နေအိမ်ပြင်ဘက်တွင် ကြာသပတေးနေ့က ပစ်သတ်ခဲ့သည်။ ***အမ်အင်အေ၊အင်ဟွာ။***

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၂

အီရတ်နိုင်ငံတွင် ပြောက်ကျားတိုက်ခိုက်မှုများ သီးခြားစီဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင် လေးဦး သေဆုံးသွားကြောင်းဖြင့် အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ အမှတ်(၁) ထောက်ပို့စစ်ဌာနချုပ်မှဖြစ်ပြီး ၎င်းစီးနင်းလာသည့် မော်တော်ယာဉ်သည် လမ်းဘေးဗုံးတိုက်ခိုက်မှုကြောင့် တာဂျီမြို့တွင် သောကြာနေ့စောစောပိုင်းက သေဆုံးခဲ့ခြင်းဖြစ်သည်ဟု စစ်ဘက်ကြေညာချက်တွင်ပါရှိသည်။ ၎င်းတပ်ဖွဲ့ဝင်အား အနီးအပါးရှိ ဆေးရုံသို့တင်ပို့ရာ ဆေးရုံတွင် သေဆုံးသွားခဲ့သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တန်းအား ပစ်မှတ်ထားကာ မော်တော်ယာဉ်ပေါ်မှ ပစ်ခတ်တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဘဂ္ဂဒက်တွင် ကြာသပတေးနေ့ မွန်းလွဲပိုင်းက သေဆုံးသွားသည်ဟု ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

စတုတ္ထမြောက်သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်သည် အမှတ်(၂) မရိန်းတပ်မမှဖြစ်ပြီး အီရတ်နိုင်ငံ အနောက်ပိုင်းဒေသရှိ ရာမာဒီမှ အမေရိကန်အခြေစိုက်စခန်းအား စိန်ပြောင်းဖြင့် ပစ်ခတ်ရာမှ ဗုဒ္ဓဟူးနေ့က သေဆုံးခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခု မတ်လက ဝင်ရောက်တိုက်ခိုက်ပြီး သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၆၂၅ ဦး ခန့်ရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မေ ၂၂ရက်က အီရတ်နိုင်ငံ ဘေဂျီမြို့တွင် တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးသွားသော အီရတ်တပ်ဖွဲ့မှ မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

နိုင်ဂျာ ဒုက္ခသည်များ ရိက္ခာအကူအညီ လိုအပ်

ဂျီနီဗာ မေ ၂၁

နိုင်ဂျာနိုင်ငံ၌ ကြုံတွေ့နေရသော ဆိုးရွားလှသည့် ရိက္ခာရှားပါးမှုပြဿနာကိုဖြေရှင်းရန် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၉ သန်း ထည့်ဝင်ပံ့ပိုးပေးရန်လိုအပ်ကြောင်း ကုလသမဂ္ဂအဖွဲ့က မေ ၁၉ ရက်က ပြောကြားသည်။

ကုလသမဂ္ဂ၏ လူသားချင်းစာနာသော အကူအညီပေးရေးအဖွဲ့ရုံး (အိုစီအိပ်ချ်အေ)၏ အဆိုအရနိုင်ဂျာကျေးရွာ ၃၈၁၅ တွင် နေထိုင်သော ဒုက္ခသည် ၃ ဒသမ ၆ သန်းတို့အတွက် အရေးပေါ် အကူအညီ အလျင်အမြန်လိုအပ်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘိန်းမှောင်ခိုအဖွဲ့ကြီးကို ဗီယက်နမ်ရဲတပ်ဖွဲ့ ဖြိုခွင်း မူးယစ်ဆေးဝါးဆိုင်ရာ ရာဇဝတ်မှုတို့ကို ဖော်ထုတ်အရေးယူ

ဟနွိုင်း မေ ၂၂

ဗီယက်နမ်အစိုးရသည် နိုင်ငံသား ၃၁ ဦးတို့ကို ဘိန်းဖြူတုံးတစ်တုံးလျှင် အလေးချိန် ဝဒသမ၃၅ ကီလိုရှိသော ဘိန်းဖြူတုံးရာပေါင်းများစွာ မှောင်ခိုသယ်ယူခဲ့သည့်အတွက် မကြာသေးမီက ရုံးတင်တရားစွဲခဲ့သည်။ ထိုဘိန်းဖြူများကို လာအိုနှင့် ကမ္ဘောဒီးယားနယ်စပ်ကိုဖြတ်၍ ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဟိုချီမင်းမြို့သို့ သယ်ဆောင်လာစဉ် ဖမ်းမိခဲ့ခြင်းဖြစ်သည်ဟု သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အခြားသော ဖမ်းဆီးရမိမှုတစ်မှုသည် ဘိန်းဖြူသယ်ယူမှုတွင် အကြီးဆုံးအမှုဖြစ်ပြီး ထိုအဖွဲ့တွင် အဖွဲ့ဝင် ၄၂ဦးပါဝင်သည်။

ယင်းအဖွဲ့ကို ၂၀၀၄ ခုနှစ် ဇွန်လတွင် မြို့တော်ရဲတပ်ဖွဲ့က ဖြိုခွင်းခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှင့်အတူ ဘိန်းဖြူတုံး ၆၀ ကို ဖမ်းမိခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ကျော်ရှိသည်ဟု ဗီယက်နမ်နိုင်ငံ လူငယ်သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြခဲ့သည်။

ကြိုးစား

အဆိုပါအဖွဲ့သည် ထိုဘိန်းများကို ဟိုချီမင်းမြို့ရှိ လက်ကားကုန်သည်များထံသို့ ရောင်းချခဲ့ပြီး ထိုလက်ကားကုန်သည်များက မြို့တွင်းနှင့် နီးစပ်ရာပြည်နယ်များရှိ ဖြန့်ဝေသူများထံသို့ တစ်ဆင့် ပြန်လည်ရောင်းချကြမည်ဖြစ်သည်။ ဖမ်းဆီးရမိသော ဘိန်းမှောင်ခိုအဖွဲ့တွင် ကျန်ရှိနေသေးသော အဖွဲ့ဝင် ၁၁ ဦးကိုလည်း ဒေသခံရဲများက ဖမ်းဆီးရန် ကြိုးစားနေသည်ဟုဆိုသည်။

၂၀၀၃ ခုနှစ်တွင်လည်း ဘိန်းမှောင်ခိုအဖွဲ့ကြီးတစ်ဖွဲ့ ဖြိုခွင်းခဲ့သည်။ ထိုအဖွဲ့တွင် ၆၂ ဦးပါဝင်ပြီး ၂၂ ဦးကို ဖမ်းဆီးနိုင်ခဲ့သည်။

ထိုဖမ်းဆီးရမိမှုများတွင် အလေးချိန်အားဖြင့် ၅၃၅ ကီလိုရှိ ဘိန်းဖြူနှင့် ဘိန်းတုံး ၃၀၀၀ ကျော်ကို နယ်စပ်မှ ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသသို့ သယ်ဆောင်လာစဉ် ဖမ်းဆီးရမိခြင်းဖြစ်သည်။ ၎င်းတို့ကို မကြာမီအချိန်တွင် ရုံးတင်တရားစွဲဆိုတော့မည်ဖြစ်သည်။

၁၈၂၆၀ ဦး

ဗီယက်နမ်နိုင်ငံတွင် ယမန်နှစ်က မူးယစ်ဆေးဝါးဆိုင်ရာ ရာဇဝတ်မှုပေါင်း ၁၂၀၆၈ မှုတို့ကို ဖော်ထုတ်နိုင်ခဲ့သည်။ ထိုအမှုများအတွင်း ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးအလေးချိန်မှာ ၂၃၉ ဒသမ ၄ ကီလိုရှိပြီး ဖမ်းဆီးရမိသူ တရားခံပေါင်းမှာ ၁၈၂၆၀ ဦး ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရခိုင်ပြည်နယ်ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်မင်းအောင်လှိုင် ကမ်းတောင်းကြီး–ရှောက်ခြိုလမ်းဖောက်လုပ်ပြီးစီးမှုကြည့်ရှုစစ်ဆေး

ရန်ကုန်   မေ   ၂၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၁၆ ရက် နံနက်ပိုင်းက ကမ်းတောင်းကြီး– ရှောက်ခြိုလမ်း လမ်းအူကြောင်းအသစ် ဖောက်လုပ်မှုနှင့် တံတားတည်ဆောက်မည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ကမ်းတောင်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ပညာနေခြည် ခန်းမ၌ကျင်းပသည့် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကျန်းမာရေး စစ်ဆေးကုသမှုနှင့် ပညာပေးဟောပြောပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးဆိုင်ရာသိကောင်းစရာများကို ပညာပေးဟောပြောကြသည်။

ထို့နောက် တိုင်းမှူးသည် အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူ ၁၃၂ဦးတို့အား ကျန်းမာရေးစစ်ဆေးကုသမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

မှာကြားဖြည့်ဆည်း

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ကမ်းတောင်းကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ တိုက်နယ်ဆေးရုံသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကမ်းတောင်းကြီးကျေးရွာအတွင်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဂါလန် ၁၀၀၀၀ဆံ့ မိုးလုံလေလုံ မိုးရေလှောင်ကန် တည်ဆောက်ရန်နှင့် သောက်သုံးရေကန်တူးဖော်ခြင်းလုပ်ငန်းများအတွက် ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်အား ပါကစ္စတန်အစ္စလာမ် မစ်သမ္မတနိုင်ငံ Pakistan Administrative Staff College (PASC) **မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား)** Mr. Javed Hassan **ခေါင်းဆောင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ Pakistan Administrative Staff College (PASC) **မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား)** Mr. Javed Hassan **ခေါင်းဆောင်သည့် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သို့ လာရောက်လေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌအား ပါကစ္စတန်လေ့လာရေးအဖွဲ့ တွေ့ဆုံ

ရန်ကုန်   မေ   ၂၃

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်အား ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ Pakistan Administrative Staff College (PASC)မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား) Mr. Javed Hassan ခေါင်းဆောင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၏ရုံးခန်းသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညွန့်ဆွေ၊ ဦးအောင်မြင့်နှင့် ဦးလှမြင့်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်နှင့် ဝန်ထမ်းရေးရာဦးစီးဌာနမှ ဗိုလ်မှူးကြီးကျော်ဇံလှတို့ တက်ရောက်ကြသည်။

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ Pakistan Administrative Staff College (PASC)မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး(အငြိမ်းစား) Mr. Javed Hassan ခေါင်းဆောင်သည့် လေ့လာရေးအဖွဲ့သည် ယနေ့ နံနက် ၈နာရီ ၅၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပါကစ္စတန်နိုင်ငံသံရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

သွားရောက်လေ့လာ

ယင်းလေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သို့သွားရောက်လေ့လာကြရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့်အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့အကြောင်း သိကောင်းစရာများကို သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ရှင်းလင်းပြောကြားကြသည်။ဆက်လက်၍ အဆိုပါ လေ့လာရေးအဖွဲ့သည် ဇဖားရှားဂူဗိမာန်သို့ သွားရောက်လေ့လာကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဖွင့်လှစ်

ရန်ကုန်   မေ   ၂၃

၂၀၀၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် သန်လျင်ရေတပ် တပ်နယ်အားကစားကွင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်အားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲတွင် အသင်း ၁၂သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပထမပွဲစဉ်အဖြစ် ဧည့ဝတီရေတပ် စခန်းဌာနချုပ်အသင်းနှင့် မောရဝတီရေတပ်စခန်းဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ (သတင်းစဉ်)

ရန်ကုန် ကွန်ပျူတာတက္ကသိုလ် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန်   မေ   ၂၃

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပရာ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်တွင် သင်ကြားပို့ချခဲ့ကြသည့် ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား တစ်ဦးချင်းမိတ်ဆက်ပေးကြသည်။ ထို့နောက် ဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ကျောင်းသူဟောင်းများက ဂါရဝပြုကန်တော့ကြပြီး လက်ဆောင်ပစ္စည်းများပေးအပ်ကြရာ **(ဓာတ်ပုံ)** ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာကျော်သိန်းက ဆရာ၊ ဆရာမကြီးများကိုယ်စား ဩဝါဒစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများကိုယ်စား ကျောင်းသားဟောင်း ကိုအေးထွန်းလင်းက အာစရိယပူဇော်ပွဲကျင်းပရခြင်းနှင့် ကွယ်လွန်သွားကြသည့် ဆရာ၊ ဆရာမကြီးများအား ရည်စူး၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများက အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ရှိ စာသင်သား သံဃာတော်အပါး ၈၀၀ကျော်အတွက် ပဉ္စာန်းသင်တန်း စာအုပ်ငွေကျပ်တစ်သိန်းနှစ်သောင်းဖိုးလှူဒါန်းခဲ့ကြောင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၃-၅-၂၀၀၅

မောင်တော – ၃ ဒသမ ၁၁လက်မ

ကော့သောင်း – ၁ ဒသမ ၆၁လက်မ

ကြီးကြပ်ဆောင်ရွက်

မေ၂၀ရက်က ရန်ကုန်တိုင်း ကော့မှူးမြို့နယ် နတ်စင်ကုန်း စံပြကျေးရွာတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးလျက်ရှိရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်နှင့် ခရိုင်ဦးစီးမှူးတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က–ပ)

အပြန်အလှန်ယုံကြည် အစဉ်လက်တွဲ ဒီမိုကရေစီအောင်ပွဲ

အောင်သူမိုး(မြင်းခြံ)

"သဘာဝသိပ္ပံ (Natural Science) တရားကို လေ့လာပွားများရတာ ခက်တယ်။ သို့သော် လူမှုသိပ္ပံ (Social Science) တရားက ပို၍ ခက်ခဲပါတယ်။ ဒါ့အပြင် လူမှုသိပ္ပံတရားကို လက်တွေ့နဲ့ ပေါင်းစပ် အဖြေရှာရာမှာတော့ သာလို့ပင် ခက်ခဲပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေရဲ့ ရင်တွင်းမှာ အစဉ်ကိန်းအောင်းနေတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာနတွေကို လူမှုပြဿနာ အဖြေရှာရာမှာ ယူဆောင်သွတ်သွင်းလာလို့ပဲဖြစ်တယ်" လို့ လူမှုသိပ္ပံတရားက ဆိုပါတယ်။ ဒီ သဘောတရားအရ နိုင်ငံရေးလောကမှာ မတူညီတဲ့ အတိုက်အခံ သဘောတရားတွေရှိနေမှာ ဓမ္မတာဖြစ်ပါတယ်။

သို့သော် "နိုင်ငံရေးဘောဂဗေဒကို ခြေခြေမြစ်မြစ် လေ့လာမှုမရှိဘဲ နိုင်ငံရေးနယ်ပယ်ထဲ ဝင်ရောက်မိလျှင် မိမိက သူတစ်ပါးကို လိမ်မိမယ်။ သူတစ်ပါးလိမ်တာကို ခံရမယ်။ မိမိကိုယ် မိမိလည်း ပြန်လိမ်မိလိမ့်မယ်" လို့ သတိပေးထားပြန်ပါသေးတယ်။

ဒီတော့ ဗဟုသုတလေ့လာမှု ကိုယ်ခံအားနည်းခဲ့လျှင် ဆန္ဒစွဲ၊ အတ္တစွဲနဲ့ အပြောကောင်း၊ အဟောကောင်းသူတွေအပေါ် ဟုတ်နိုးနိုး အထင်ကြီးပြီး ဝေလေလေ သံယောင်လိုက်နေမိသူတွေ ဖြစ်သွားနိုင်ပါတယ်။ အတွေးအခေါ် သဘောတရား ဗဟုသုတတွေကို ပွားများလေ့လာ ဝေဖန်သုံးသပ်ပြီး တင်ကြိုတွေးခေါ်မြော်မြင်နိုင်စွမ်းရှိသူတွေ ဖြစ်စေလိုပါတယ်။ အမှန်တရားကို မြင်နိုင်စွမ်းရှိလာသည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ရာမှာ အထောက်အပံ့ ဖြစ်စေပါလိမ့်မယ်။

မြန်မာနိုင်ငံရဲ့ အခြေအနေကို လေ့လာလျှင် တပ်မတော်အစိုးရက ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်မယ်လို့ ကြွေးကြော်သလို NLD နဲ့ ၎င်းရဲ့ အဖွဲ့အစည်းတွေကလည်း ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်မယ်လို့ ကြွေးကြော်ပါတယ်။

သို့သော် NLD နဲ့ ၎င်းရဲ့ အဖွဲ့အစည်းတွေက ၎င်းတို့ ရေးဆွဲထားတဲ့ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ချက်ချင်းအာဏာလွှဲပေးရေး၊ တပ်မတော်ကို နိုင်ငံတော်အုပ်ချုပ်ရေးမှာ ဝင်ရောက်မစွက်ဖက်စေဘဲ စစ်တန်းလျားပြန်ရေးကိုသာ ရည်ရွယ်ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ အရေးယူရန်၊ ကမ္ဘာလှည့်ခရီးသည်တွေ မလာရန်၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ရန်၊ ကမ္ဘာ့ဘဏ်၊ အာရှဘဏ်တို့မှ ငွေမချေးရန်၊ အာဆီယံအလှည့်ကျ သဘာပတိမခန့်အပ်ရန် စသည့်နည်းမျိုးစုံဖြင့် ဟန့်တားပိတ်ပင်တဲ့နည်းတွေသုံးပြီး ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေကိုသာ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါတယ်။

ဒီနေရာမှာ တောင်အာဖရိကနိုင်ငံက နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သူ နယ်လ်ဆင်မင်ဒဲလား ပြောသွားတဲ့ စကားတစ်ခွန်းကို မှတ်မိပါသေးတယ်။ "လူဖြူ ဒီကလပ် အစိုးရနဲ့ ကျွန်တော်တို့ ANC ပါတီတို့ နှစ်ပေါင်းများစွာ လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြတဲ့ ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်စေခဲ့ပြီး နိုင်ငံပြန်လည်ထူထောင်ရေးတွေ အစွမ်းကုန်ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သော်လည်း ထင်တိုင်းခရီးမပေါက်ခဲ့ပါ။ ဘာကြောင့် ဒီလိုဖြစ်ရသလဲလို့ အသေးစိတ် စဉ်းစားအဖြေရှာတော့ ပြည်တွင်းစစ်ကာလမှာ ဒီကလပ် အစိုးရကို စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်ဖို့၊ ငွေမချေးဖို့၊ နိုင်ငံရေး၊ စီးပွားရေး အဆက်အသွယ် ဖြတ်တောက်အရေးယူဖို့ ကမ္ဘာ့နိုင်ငံအသီးသီးထံ အကူအညီတောင်းပြီး ဆောင်ရွက်စေခဲ့တဲ့ အကြောင်းတရားရဲ့ အကျိုးဆက်တွေကြောင့်ဆိုတာ သတိထား လေ့လာမိတော့တယ်" လို့ ဆိုပါတယ်။

တပ်မတော် အစိုးရဟာ ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက ဘယ်လိုပဲ ဟန့်တားနှောင့်ယှက်နေကြပေမယ့် ဒီမိုကရေစီ ဖော်ဆောင်ရေးကို ရည်ရွယ်ချက်ရှိရှိနဲ့ ဆက်လက်အကောင်အထည်ဖော်လျက် ရှိနေပါတယ်။ ဒီမိုကရေစီ အခြေခံအုတ်မြစ်တွေကို ဦးစွာခိုင်မာအောင် တည်ဆောက်တယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ ငြိမ်းချမ်းရေးရယူပြီး နိုင်ငံ အေးချမ်းသာယာအောင် တည်ဆောက်တယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ် ချမှတ်ဖော်ဆောင်ပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေခဲ့တယ်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို စတင်အကောင်အထည်ဖော်တဲ့ အနေနဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိတယ်။ အဲဒီအမျိုးသားညီလာခံကြီးက ခိုင်မာတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ညှိနှိုင်းရေးဆွဲပြီး ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုမှာဖြစ်တယ်၊ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲကျင်းပပြီး ပြည်သူတွေက ရွေးချယ်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေက တိုင်းကျိုးပြည်ပြုလုပ်ငန်းများမှာ ပူးပေါင်း လက်တွဲ ဆောင်ရွက်သွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်။

ယနေ့မြန်မာနိုင်ငံမှာ တပ်မတော်အစိုးရက ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖော်ဆောင်ပေးနေမှုအပေါ် အမှားအမှန် ဝေဖန်သုံးသပ်နိုင်စေရန် ရှင်းလင်းတင်ပြလိုပါတယ်။

ကမ္ဘာကြီး တိုးတက်ဖြစ်ပေါ် ပြောင်းလဲလာမှု သဘောတရားအရ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အပြိုင်အဆိုင် ဖော်ဆောင်ခဲ့ကြတယ်။ ဥရောပနိုင်ငံ တချို့မှာ စက်မှုဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ ဒီမိုကရေစီအခြေခံလူတန်းစားတွေ(ဥစ္စာခနကြွယ်ဝတဲ့ အရင်းရှင်တွေ၊ အသိဉာဏ် အတွေးအခေါ် မြင့်မားတဲ့ ကာယဉာဏအလုပ်သမားတွေ၊ လူလတ်တန်းစားတွေ၊ ၎င်းတို့ကို ကိုယ်စားပြုတဲ့ပါတီတွေ) အင်အားတောင့်တင်းခိုင်မာတဲ့ အခြေအနေကြောင့် ၎င်းလူတန်းစားနဲ့ အဖွဲ့အစည်းတွေကို အကျိုးပြုမည့် အုပ်ချုပ်ရေးစနစ်ဖြစ်တဲ့ အရင်းရှင် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ဟာ ရှင်သန်ကြီးထွား အောင်မြင်လာပါတယ်။ ဒီလို ဒီမိုကရေစီအသွင်ကူးပြောင်းရေး အလွယ်တကူ ဖော်ဆောင်နိုင်ခဲ့မှုကို "ဥရောပဂန္ထဝင်အရင်းရှင်တော်လှန်ရေး" လို့ ခေါ်ပါတယ်။

အဲဒီ တစ်ချိန်တည်းမှာပဲ ခေတ်နောက်ကျကျန်နေခဲ့တဲ့ ဂျပန်နဲ့ ပရပ်ရှား (ဂျာမနီ)မှာ အုပ်စိုးသူတွေကိုယ်တိုင်က မိမိတို့ကိုယ်ပိုင် သဘောပေါက်မှုဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်ဦးရွက်ပြုပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖော်ဆောင်နိုင်ခဲ့ခြင်းကို "ဂျပန်၊ ပရပ်ရှား အရင်းရှင်ဒီမိုကရေစီတော်လှန်ရေး"(တစ်နည်းအားဖြင့်)"အထက်ကလာတဲ့ တော်လှန်ရေး" ဟု ခေါ်တယ်လို့ ခေတ်သစ် သိပ္ပံနိုင်ငံရေး ဘောဂဗေဒက ဆိုပါတယ်။

မြန်မာနိုင်ငံဘာကြောင့် ခေတ်နောက်ကျကျန်ခဲ့ရသလဲဆိုတာကို သုံးသပ်ကြည့်လျှင် နယ်ချဲ့ကိုလိုနီသူ့ကျွန်ဘဝမှာ နှစ်ပေါင်း၁၀၀ကျော်နေခဲ့ရတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ အဝင်/အထွက် စစ်ဒဏ်နှစ်ကြိမ်ခံခဲ့ရတယ်။ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးတဲ့နောက် နှစ်ပေါင်း၄၀ကျော် ပြည်တွင်း သောင်းကျန်းမှုဒဏ်ကို အလူးအလဲ ခံစားခဲ့ရပြန်ပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်ရဲ့ ခါးသီးတဲ့ နိုင်ငံရေးအတွေ့ အကြုံတွေကြောင့် တစ်ပါတီအုပ်ချုပ်ရေးနဲ့ ဗဟိုကချုပ်ကိုင်တဲ့ စီးပွားရေး (ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး) လမ်းစဉ်ကို ဖော်ဆောင်ခဲ့ရာက နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းတွေ ကြီးထွားလာခဲ့ပြန်ပါတယ်။ ဒါကြောင့်မို့ ၁၉၈၈ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်ခဲ့ရပြီး နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းတွေကို ပခုံးပြောင်း တာဝန်ယူခဲ့ရတယ်ဆိုတာ မမေ့အပ်ပါ။

အဲဒီလို ဖြစ်စဉ်ဖြစ်ရပ်တွေကြောင့် မြန်မာနိုင်ငံရဲ့ ပကတိရုပ်ဘဝ အခြေအနေကိုကြည့်ရင် ဒီမိုကရေစီ အခြေခံလူတန်းစားတွေနဲ့ ၎င်းတို့ကို ကိုယ်စားပြုတဲ့ ပါတီအဖွဲ့အစည်းတွေ ကင်းမဲ့နေတာကို သဘာဝကျကျ တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် NLD နဲ့ ၎င်းရဲ့ အဖွဲ့အစည်းတွေက မြန်မာနိုင်ငံရဲ့ ပကတိရုပ်ဘဝအခြေအနေကို လျစ်လျူရှုပြီး ဥရောပဂန္ထဝင် အရင်းရှင်တော်လှန်ရေး ပုံစံကို စိတ်ကူးနဲ့ပုံဖော်လိုကြတယ်။ တပ်မတော်အစိုးရကတော့ မြန်မာနိုင်ငံရဲ့ (ကာလ၊ဒေသ၊ပယောဂ)ရုပ်ဘဝက တောင်းဆိုတဲ့အတိုင်း ဂျပန်၊ပရပ်ရှားအရင်းရှင် ဒီမိုကရေစီ တော်လှန်ရေး (တစ်နည်းအားဖြင့်)"အထက်ကလာတဲ့ တော်လှန်ရေး"ကို နားလည်သဘောပေါက်မှုနဲ့ ပုံဖော်ပေးခဲ့တယ်။

"အထက်ကလာတဲ့ တော်လှန်ရေးသဘောတရား"အရ တပ်မတော်အစိုးရက ဦးဆောင်ဦးရွက်ပြုပြီး ဒီမိုကရေစီနိုင်ငံ ပုံဖော်ရာမှာ စိုက်ပျိုးရေးကို အခြေခံလျက် စက်မှုဖွံ့ဖြိုးတဲ့ နိုင်ငံထူထောင်ရန်အတွက် စိုက်ပျိုးရေးစီမံကိန်းကြီးတွေ၊ မွေးမြူရေးစီမံကိန်းကြီးတွေ၊ စက်မှုစီမံကိန်းကြီးတွေမှာ တိုင်းရင်းသား ပုဂ္ဂလိက လုပ်ငန်းရှင်တွေ ပါဝင်ဆောင်ရွက်လာနိုင်အောင် ဘက်ပေါင်းစုံမှ မြေတောင် မြှောက်ကာ ကူညီဆောင်ရွက် တိုက်တွန်းအားပေးလျက်ရှိနေပါတယ်။ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်တွေ အင်အားတောင့်တင်းလာသည်နှင့်အမျှ ၎င်းတို့ရဲ့ မဟာမိတ်အဖြစ် လက်တွဲဆောင်ရွက်ကြမယ့် ကာယဉာဏ အလုပ်သမားတွေဟာလည်း ရေမြင့်ကြာတင့်ဆိုသလို ဘဝအဆင့်အတန်း မြင့်မားတိုးတက်လာကြမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ပုဂ္ဂလိကလုပ်ငန်းရှင်နဲ့ အလုပ်သမားတွေရဲ့ ကိုယ်စားပြုပါတီအဖွဲ့အစည်းတွေ လိုအပ်လာပြီဖြစ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတည်ပြုပြဋ္ဌာန်းလျက် ပေါ်ပေါက်လာပါလိမ့်မယ်။ ဒီလိုတစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ခိုင်မာလာအောင် တပ်မတော်အစိုးရက တာဝန်ယူဖော်ဆောင်ပေးနေတာကို ဆန္ဒစောပြီး ချက်ချင်းလက်ငင်း ဖြစ်ရမယ်လို့ ဇွတ်ပြောနေကြသူတွေဟာ တပ်မတော်အစိုးရကို ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်နေမယ့်အစား စိတ်ရှည် သည်းခံလျက် တူတာပေါင်းလုပ်၊ မတူတာတွေ ညှိနှိုင်းဆွေးနွေး အဖြေရှာကြမယ်ဆိုလျှင် ပြည်သူအားလုံးက ဝမ်းမြောက်ဝမ်းသာ ကောင်းချီးသြဘာပေးကြပါလိမ့်မယ်။

"အတ္တ၊ မာန အစွဲအလမ်းဟောင်းတွေအပေါ်မှာ ဇွတ်မှိတ်ဖက်တွယ်ထားတဲ့ ခေါင်းဆောင်ဆိုသူတွေနဲ့စာလျှင် အရိုးခံသက်သက် သာမန်ပြည်သူတွေကမှ အမှန်တရားနဲ့ ပိုလို့နီးစပ်ပါသေးတယ်"လို့ လူမှုသိပ္ပံတရားက ဆိုပါတယ်။

ယနေ့ကာလမှာ နိုင်ငံတော်ကို ဆန့်ကျင်သူတွေဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို သပ်လျှိုဖြိုခွဲပြီး ပြည်နယ်ခွဲထွက်ဖို့ ကြိုးစားကြ၊ အကြမ်းဖက် ဗုံးခွဲသတ်ဖြတ်မှုနဲ့ လူထုကို ချောက်ချားစေပြီး အုံကြွအောင် လုပ်နေကြတာတွေ၊ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်း ဆိုက်အောင် ပြည်ပအားကိုးနဲ့ လုပ်နေကြတာတွေရှိနေပေမယ့် တပ်မတော်အစိုးရ ကတော့ နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းတွေက လွန်မြောက်အောင် ကြိုးပမ်းအားထုတ်လျက်ရှိတယ်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး၊ မြို့နဲ့ကျေးရွာ ကွာဟမှု ကျဉ်းမြောင်းစေရေးစသဖြင့် တိုင်းပြည်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိနေပါတယ်။

တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇) ရပ်နဲ့အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲပြီး ရွေးကောက်ပွဲကျင်းပလျက် ရွေးချယ်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ အာဏာလွှဲပြောင်းတဲ့ အချိန်မှာ တစ်ဖက်က စည်းကမ်းပြည့်ဝခိုင်မာတဲ့ ဒီမိုကရေကစီနိုင်ငံတော် ဖြစ်ထွန်းစေရန် ရေခံမြေခံ အခြေခံကောင်းတွေ အဆင်သင့် ရှိနေအောင် ကြိုတင်ပြင်ဆင်နေတယ် ဆိုတာ မြင်နိုင်စွမ်းရှိကြစေလိုပါတယ်။

ဒီတော့ မှားတယ်၊ မှန်တယ် ဆိုတာကို အချင်းချင်း အပြန်အလှန် ဝေဖန်ငြင်းခုံ နေကြမယ့်အစား အမျိုးသားပြန်လည်သင့်မြတ်ရေး အသိစိတ်ဓာတ်အခြေခံဖြင့် တူတာတွေပေါင်းလုပ်၊ မတူတာဆွေးနွေး ညှိနှိုင်းအဖြေရှာတဲ့နည်းနဲ့ ပူးပေါင်းလက်တွဲဆောင်ရွက်သွားနိုင်ကြရင် မင်္ဂလာကျက်သရေ အပေါင်း ခညောင်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဟာလည်း လျင်မြန်လာပါလိမ့်မယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဟာလည်း ပို၍ ချောမွေ့လျင်မြန်လာပါလိမ့်မယ်။ ဒါကြောင့် **"အပြန်အလှန်ယုံကြည် အစဉ်လက်တွဲ ဒီမိုကရေစီအောင်ပွဲ"** လို့ ဖွင့်ဆိုလိုက်ပါတယ်။ ။

တပ်မတော် အစိုးရဟာ ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက် အဖွဲ့အစည်းတွေက ဘယ်လိုပဲ ဟန့်တားနှောင့်ယှက်နေကြပေမယ့် ဒီမိုကရေစီ ဖော်ဆောင်ရေးကို ရည်ရွယ်ချက်ရှိရှိနဲ့ ဆက်လက်အကောင်အထည်ဖော်လျက် ရှိနေပါတယ်။ ဒီမိုကရေစီ အခြေခံအုတ်မြစ်တွေကို ဦးစွာခိုင်မာအောင် တည်ဆောက်တယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနဲ့ ငြိမ်းချမ်းရေးရယူပြီး နိုင်ငံ အေးချမ်းသာယာအောင် တည်ဆောက်တယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ် ချမှတ်ဖော်ဆောင်ပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေခဲ့တယ်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို စတင်အကောင်အထည်ဖော်တဲ့အနေနဲ့ အမျိုးသား ညီလာခံကြီးကို ကျင်းပလျက်ရှိတယ်။ အဲဒီ အမျိုးသားညီလာခံကြီးက ခိုင်မာတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရေးဆွဲပြီး ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုမှာဖြစ်တယ်၊ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲကျင်းပပြီး ပြည်သူတွေက ရွေးချယ်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေက တိုင်းကျိုးပြည်ပြုလုပ်ငန်းများမှာ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပြည်နယ်/တိုင်းအခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်း မန်နေဂျာများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဖြောင့်မတ်မှန်ကန်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ထွန်းစေရေးအတွက် စီမံကိန်းများ၊ နည်းလမ်းများ ချမှတ်ကာ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုတာဝန်များကို ဝန်ထမ်းများအားလုံး ဖြောင့်မတ်မှန်ကန် တာဝန်သိစွာဖြင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနအကြီးအကဲများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်းမန်နေဂျာများက ဒေသအလိုက်လုပ်ငန်း လျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို မှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၀၅ ခုနှစ် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ဒေသတွင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ဝန်ကြီးအဆင့် အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း တက်ရောက်စဉ်။
(နယ်စပ်စည်ပင်)

ခြောက်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစည်းအဝေး မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ယိမ်မြို့၌ မေ ၁၉ရက်တွင် ကျင်းပသော ဒေသတွင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မေ ၂၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

လိုက်ပါ

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့်အတူ ဒုတိယအကြိမ် အာဆီယံနှင့် တရုတ် မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး နိုင်ငံတကာညီလာခံအကြိုညှိနှိုင်းအစည်းအဝေးနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးများသို့ တက်ရောက်ခဲ့ကြသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီး ခမ်းအောင်၊ ညွှန်ကြားရေးမှူး (နိုင်ငံတကာ) ရဲမှူးကြီးသိန်းကြည်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

တွေ့ဆုံနှုတ်ဆက်

ဒေသတွင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ဝန်ကြီးအဆင့် အစည်းအဝေး ကျင်းပသည့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ယိမ်မြို့ Apsara Hotel ၌ မေ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H. E. Mr. Samdach Hun Sen က အစည်းအဝေးတက်ရောက်လာသည့် မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအား လက်ခံတွေ့ဆုံနှုတ်ဆက်၍ နံနက် ၉ နာရီတွင် ယင်းဟိုတယ်၏ Apsara Conference Hall II ခန်းမ၌ အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မိန့်ခွန်းပြောကြားကာ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဒေသတွင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကိုဆက်လက်ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက နိုင်ငံအလိုက် မူးယစ်ဆေးဝါး ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

ဘိန်းစိုက်ပျိုးမှုကျဆင်း

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးကို မိမိနိုင်ငံအစီအစဉ်ဖြင့် လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်မှု တိုက်ဖျက်ရာတွင် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူနေမှုဘဝ မြှင့်တင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ငါးနှစ်စီမံကိန်း သုံးခုဖြင့် ချမှတ်ဆောင်ရွက်လျက် ရှိကြောင်း၊ ယခုအခါ ဒုတိယငါးနှစ် စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ခြင်းကြောင့် ၂၀၀၄ ခုနှစ်တွင် ၂၀၀၃ခုနှစ်နှင့် နှိုင်းယှဉ်ပါက ဘိန်းစိုက်ပျိုးမှု ၃၄ ရာခိုင်နှုန်းခန့်ကျဆင်းသွားပါကြောင်း၊ လွန်ခဲ့သည့် ရှစ်နှစ်ကထက် ဘိန်းထုတ်လုပ်မှု တန် ၂၅၆၀ မှ ၂၉၂တန်သို့ ၈၈ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ ၂၀၀၅ခုနှစ် US Government Drug Strategy Report တွင် ဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘိန်းပပျောက်ရေး ၁၅ နှစ် စီမံကိန်း အောင်မြင်ရေးကို မိမိအင်အားဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသော Sub-Regional Action Plan ဒေသခွဲအတွင်း လုပ်ငန်းစီမံကိန်းများသည် MoU(6) နိုင်ငံတို့အား ပေါင်းစည်း၍ ဒေသခွဲအတွင်း မူးယစ်ကင်းမဲ့ဒေသ ဖြစ်လာစေရန် ပူးပေါင်းတိုက်ဖျက်မှုကို ဖော်ဆောင်နိုင်လျက်ရှိပါကြောင်း၊ သို့ပါ၍ UNODC ၏ နည်းပညာပံ့ပိုးမှုကို လည်းကောင်း၊ အလှူရှင်နိုင်ငံများတို့၏ ပံ့ပိုးမှုကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ MoU နိုင်ငံများနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဝန်ကြီးအဆင့် အစည်းအဝေးက Siem Reap Declaration ကြေညာစာတမ်းကို ထုတ်ပြန်ကြေညာခဲ့ပြီး Press Release ကိုလည်း ထုတ်ပြန်ခဲ့သည်။

တက်ရောက်

ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ မေ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံနှင့် တရုတ် မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး နိုင်ငံတကာညီလာခံ အကြိုညှိနှိုင်းအစည်းအဝေး၊ မေ ၁၇ ရက်မှ မေ ၁၈ ရက်အထိ ကျင်းပသည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးများသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်၊ ညွှန်ကြားရေးမှူး (နိုင်ငံတကာ) ရဲမှူးကြီးသိန်းကြည်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီတို့ တက်ရောက်ခဲ့သည်။ (သတင်းစဉ်)

ဥကပ်နေသောရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေးနှိုးဆော်ချက် (၂/၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ဖွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ဖွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသောရာသီချိန်တွင်ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအား မြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများမပြုလုပ်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေးယူခြင်း ခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

ပဲခူးတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို ဖွံ့ဖြိုးရေးတက္ကသိုလ် တက်ရောက်မည့် သင်တန်းသားများအား တွေ့ဆုံမှာကြား

ရန်ကုန် မေ ၂၃

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက်ရောက်မည့် ပဲခူးတိုင်းမှ သင်တန်းသား၊ သင်တန်းသူများအား အမှာစကားပြောကြားခြင်း အခမ်းအနားကို မေ ၂၀ ရက် နံနက် ၈ နာရီတွင် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ကျင်းပရာ အခမ်းအနားသို့ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူ ၂၆ ဦးတို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သင်တန်းသား၊ သင်တန်းသူများက ဂါရဝပြုမိတ်ဆက်ပြီးနောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးက သင်တန်းတက်ရောက်မည့်သူများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီးနောက် တိုင်းမှူးက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ (သတင်းစဉ်)

✳ တိုင်းမှူးမှ

အကျယ် ၁၄ ပေနှင့် အရှည်ပေ ၂၀၊ အကျယ် ကိုးပေရှိ သံကူကွန်ကရစ်တံတားပါရှိပြီး စုစုပေါင်းငွေကျပ် ၆၂သိန်းလေးသောင်း အကုန်အကျခံ ဖောက်လုပ်ခဲ့သည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် တိုင်းမှူးသည် မုဒုံ-ကြာအင်းဆိပ်ကြီးလမ်းပေါ်ရှိ အတ္ထရံ မြစ်ကူးတံတား တည်ဆောက်မည့်နေရာနှင့် လမ်းအူကြောင်းနေရာသို့ လည်းကောင်း၊ ချောင်းနှစ်ခွ(မွန်စု) အခြေခံပညာမူလတန်းကျောင်း မြေနေရာနှင့် ချောင်းနှစ်ခွ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ချောင်းနှစ်ခွကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှု

ထိုမှတစ်ဆင့်တိုင်းမှူးသည် ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားကြီးဝင်းအတွင်း လေးမျက်နှာဘုရားပလ္လင်နှင့်နံရံများ၊ မြန်မာမှုရွှေသရိုးပန်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

✧ ရှေ့ဖုံးမှ

သမတပိုင်းလော့ ရေယာဉ်မှာ ၁၉၅၈ ခုနှစ်မှ စတင်တည်ဆောက်ပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပိုင်းလော့လုပ်ငန်းများတွင် အသုံးပြုခဲ့ရာ ကာလကြာမြင့်ခဲ့သည်ဖြစ်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်ဆန်းရေလုံသင်္ဘောကျင်း၌ မူလပုံစံဟောင်းမှ ခေတ်မီပုံစံသစ်ဖြင့် မြန်မာအင်ဂျင်နီယာများက မွမ်းမံတည်ဆောက်ခဲ့သည်။ ရေယာဉ်မှာ အလျား ၂၀၁ပေ ငါးလက်မ၊ အနံ ၃၄ပေ တစ်လက်မ၊ ရေစူး ၁၁ပေ ခြောက်လက်မ၊ တန်ချိန် ၇၇၇ဒသမ ၅၁တန်ရှိသည်။ မြင်းကောင်ရေ ၈၄၀ အင်ဂျင်နှင့် ခေတ်မီဆက်သွယ်ရေးစက်များ တပ်ဆင်ထားပြီး တစ်နာရီရေမိုင် ၁၀မိုင် ခုတ်မောင်းနိုင်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မေ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး(သတင်း) Smt. Arvind M. Singh ခေါင်းဆောင်သော အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်၍ တွေ့ဆုံနှုတ်ဆက်ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး(သတင်း) Smt. Arvind M. Singh ခေါင်းဆောင်သော အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဒုတိယဝန်ကြီး ဦးသိန်းစိန် နိုင်ငံတော်မူဝါဒအောင်မြင်မှုများနှင့် စပ်လျဉ်း၍ ဟောပြောပို့ချ

ရန်ကုန် မေ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက (၆)ရပ်ကွက် အနေးယာဉ် စည်းရုံးရေးအခြေစိုက်စခန်းခန်းမ၌ ကျင်းပသော စည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၀)မှ သင်တန်းသား ၉၅ဦးတို့အား နိုင်ငံတော်မူဝါဒများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်မှုများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ဟောပြောပို့ချသည်။ (သတင်းစဉ်)

အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး ရောက်ရှိ

ရန်ကုန် မေ ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ အီဂျစ်အာရှရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဇက်၊ဆတ်(ဒ်)၊ အယ်လ်ဆရစ်ဦးဆောင်သော အီဂျစ်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။

အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အီဂျစ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ စီးပွားရေးပညာရှင် မစ္စစ်ယာစ်စမင်မာမွတ် လိုက်ပါလာသည်။

အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဇက်၊ဆတ်(ဒ်)၊အယ်လ်ဆရစ် ဦးဆောင်သော အီဂျစ်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက်၊မိုဟာမက် မိနေစီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ အီဂျစ်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဒုတိယအကြိမ်မြောက် အာဆီယံဒေသအတွင်း ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း စည်းဝါးညီစနစ်ဆိုင်ရာ ပြန်လည်သုံးသပ်ရေးနှင့် နည်းပညာကော်မတီ အစည်းအဝေးကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပစဉ်။

(သတင်းစဉ်)

ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း နည်းပညာကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ဒုတိယအကြိမ်မြောက် အာဆီယံဒေသအတွင်း ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း စည်းဝါးညီစနစ်ဆိုင်ရာ ပြန်လည်သုံးသပ်ရေးနှင့် နည်းပညာကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ စတင်ကျင်းပသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် အာဆီယံအဖွဲ့ဝင် ၁၀နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးကို ယနေ့မှ မေ ၂၇ရက်အထိ ကုန်သည်ကြီးများဟိုတယ်၌ ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၃

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၇ ရက် နံနက် ၁၀ နာရီခွဲ က တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပြည်နယ်/ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်စီမံကိန်းဦးစီးမှူးများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း စီမံကိန်းလျာထားချက်များ အကောင်အထည်ဖော်နိုင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက ၂၀၀၅-၂၀၀၆ခုနှစ် စီမံကိန်းတာဝန်များကို ခရိုင်ဥက္ကဋ္ဌများထံပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီး အား ကိုရီးယားသံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် မေ ၂၃

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Ju-Heum သည် မေ ၂၀ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကံဘဲ့လမ်းရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

မန္တလေးတိုင်းဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ရဲ... စံပြစိုက်ခင်းနှင့် စက်မှုဇုန်စစ်ဆေ...

ရန်ကုန် မေ ၂၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥ... အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် တာဝန်ရှိ... လိုက်ပါလျက် မေ ၁၉ရက် နံနက် ၇နာရီက ချမ်းမြသာစည်မြို့နယ် မန္တလေး... အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စံပြငါးဧကစိုက်ကွင်းသို့ရောက်ရှိပြီး ... စိုက်ပျိုးရေးလုပ်ငန်း၏ စပါးဝတ်မှုန်မှ မျိုးပွားထုတ်လုပ်ထားသော စ... (၃)မျိုး ယှဉ်ပြိုင်စိုက်ပျိုးထားရှိမှု၊ ရွှေမြန်မာ၊ ရွှေသွယ်ရင်း၊ ရေဆင်းစပ်... စပါးများ ယှဉ်ပြိုင်စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စ... ပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

မန္တလေးတိုင်းတွင် ၂၀၀၄-၂၀၀၅ခုနှစ် စပါးစိုက်ပျိုးရန် ၁၉၃၃၅... လျာထားရာမှ ၁၉၅၂၈၉ဧက စိုက်ပျိုးပြီးစီး၍ မျိုးသန့်ပြန့်ပွားရေးအ... မနောသုခ၊ ရွှေမြန်မာ၊ ရွှေသွယ်ရင်၊ ယာ-၂ ထွန်း၊ MR-4 နှင့် သုခရင်စ... ဧက ၁၂၁၇၀ ထည့်သွင်းစိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

မွန်းလွဲ ၁၂နာရီခွဲတွင် တိုင်းမှူးသည် မန္တလေးမြို့ စက်မှုဇုန်များအ... တိုးမြှင့်ရေးစီမံကိန်း သံရည်ကျိုစက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း သံကုန်... ပစ္စည်းများ၊ သန့်စင်စက်များဖြင့် သန့်စင်မှုနှင့် သန့်စင်ပြီး သံကုန်ကြမ်း... လည်းကောင်း၊ သံရည်ကျိုမီးဖိုအမှတ်(၁)မှ စမ်းသပ်သံရည်ကျိုမှုနှင့် သံရ... အား ၁၀ လက်မရေခရသွန်းလောင်းမှု အဆင့်ဆင့်ကိုလည်းကောင်း လှည့်... ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သ... ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတ...

ဘဏ္ဍာ/ အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဂျပန်အဖွဲ့တွေ့ဆုံ

ရန်ကုန် မေ ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဂျပန်နိုင်ငံ Mitsubishi Corporation ၏ ဘုတ်အဖွဲ့ဝင် အမှုဆောင် ဒုတိယဥက္ကဋ္ဌနှင့် စက်ပစ္စည်းဆိုင်ရာအုပ်စု၏ အမှုဆောင်ချုပ် Mr. Masahiro ABE နှင့် အဖွဲ့သည် ယနေ့ ညနေ ၅နာရီတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဧည့်ခန်းသို့ လာရောက် တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက် ကြသည်။ (သတင်းစဉ်)

အိန္ဒိယ သတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)



ပညာရေးဝန်ကြီး အ... အီဂျစ် လက်ထော... နိုင်ငံခြားရေးဝန်ကြီးတွေ့...

ရန်ကုန် မေ ၂၃

ပညာရေးဝန်ကြီးဌာန ဝ... ဦးသန်းအောင်အား မြန်မာနိုင်... ချစ်ကြည်ရေးခရီးရောက်ရှိနေ... အီဂျစ် အာရှရေးရာ လက်ထေ... နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အ... ဆတ်(ဒ်)၊ အယ်လ်ဆရစ်သည် ... မွန်းလွဲပိုင်းတွင် စိန်ရတုခ... လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပည... ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြ... သော ဦးမျိုးညွန့်နှင့် ဗိုလ်မှ... အောင်မျိုးမင်း၊ ပညာရေးဝန်ကြီ... အောက်ရှိ ဦးစီးဌာနများမှ ညွှန်... ရေးမှူးချုပ်များနှင့် ပြည်ထေ... မြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ် အ... သမ္မတနိုင်ငံ သံအမတ်ကြီး H.E... Mohamed Mohamed Min... တို့လည်း တက်ရောက်ကြသ... (သတ...

ငါးရစ်၊ ငါးသန်ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၁/၉၇)

ငါးရစ်ငါးသန်၊ ဘေးမဲ့ချန် ပုံမှန်စားသုံး၊ မျိုးမသုဉ်း။

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက် ငါးသန်များသည်လည်း သေကြေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီး သွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲအဖြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာဥချ သားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး (သတင်း) Smt. Arvind M. Singh ခေါင်းဆောင်သော အိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ခိုင်ပရိဘောဂစက်ရုံအတွင်း လှည့်လည်လေ့လာကြစဉ်။ (သတင်းစဉ်)

အိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၂၃

အာဆီယံ-အိန္ဒိယ သတင်းဆက်သွယ်ရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး(သတင်း) Smt. Arvind M. Singh ခေါင်းဆောင်သော အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ရုံးမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အိန္ဒိယ သတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် အနောက်ဘက် အာရုံခံတန်ဆောင်း၌ စေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြပြီး တန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ဆီမီးနှင့်နံ့သာတိုင်များ ကပ်လှူပူဇော်ကြသည်။

ထို့နောက် အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တွေ့ဆုံဆွေးနွေး

ယင်းနောက် အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ကုန်သည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ သွားရောက်၍ အသင်းချုပ် အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များအား တွေ့ဆုံပြီး ကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်းနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် လှိုင်သာယာစက်မှုမြို့သို့ သွားရောက်ကြရာ ကနောင်ခန်းမ၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လှိုင်သာယာစက်မှုမြို့အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် FAME ဆေးဝါးထုတ်လုပ်ရေး စက်ရုံနှင့် ခိုင်ပရိဘောဂစက်ရုံတို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၅-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေဝမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၈။ အကပြိုင်ပွဲ
- ၈:၂၀ ၉။ ဂီတညင်းတန်းတံတား
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Happy and Educational English Summer Course MRTV.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyd... Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပ... ရုပ်မြင်သံကြားသင်ခန်း... - တတိယနှစ် (ပထဝီဝင်အထူးပြု) (ရုက္ခဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်း... ရိုးရာအက
- ၅:၃၀ ၇။ ခံစားနားဆင်တေးဓာတ်...
- ၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၁၅ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လ... မျောက်မင်းဂူခုန်း (အပိုင်း-...**
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ တေးဂီတအစီအစဉ်
- ၇:၂၀ ၁၃။ **ခွဲထွက်ဖို့အကြံ တို့လက်မ... အမှန်တင်ပြပြည်သူ့ဆန္ဒ... ရှမ်းပြည်နယ်(မြောက်ပိုင်... (မိုင်းရယ်မြို့)**
- ၇:၃၅ ၁၄။ ကြေးမုံရိပ်သွင် တေးနယ...
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမန်ဆောင်း၏ ချစ်သံစဉ်" (အပိုင်း-၂...**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) အခမ်းအနားတွင် မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) ကျင်းပ

ရန်ကုန် မေ ၂၃

မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစစ်မြိုင်(ငြိမ်း)၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းနှင့် တိုင်း/ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မကွေးတိုင်းအတွင်းရှိ မြို့နယ် ၂၅မြို့နယ်တို့မှ မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ကြေညာ

မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့အကြို ညီလာခံ(၂၀၀၅)တွင် အခမ်းအနားမှူးအဖြစ် တပ်မတော်ဆေးရုံခုတင် ၁၀၀ မှ ဗိုလ်ကြီးရီရီမြင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဗိုလ်စိုးမိုးယဉ်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးက အကြိုညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၃၂၅ ဦးရှိသည့်အနက် ၃၂၂ဦး တက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၇ ရာခိုင်နှုန်းရှိသဖြင့် အကြိုညီလာခံ အထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့နာယက၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားပြီး ညီလာခံ ပထမပိုင်းကို ခေတ္တရပ်နားသည်။

ထို့နောက် မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) ဒုတိယပိုင်းကို နံနက် ၈နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးညိုဝင်းမြင့်(ငြိမ်း)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ကြီးလှမင်း(ငြိမ်း)နှင့် ဗိုလ်ကြီးချိုထွန်း(ငြိမ်း)တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ညိုဝင်းမြင့်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) အစီရင်ခံစာကို တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ကြီးခင်မောင်မြင့်(ငြိမ်း)နှင့် ဗိုလ်ကြီးကျော်ငွေ(ငြိမ်း)တို့က ဖတ်ကြားတင်သွင်းကြသည်။

ဆက်လက်၍ မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံသို့ တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီးငါးရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးမောင်မောင်ညွှန့်(ငြိမ်း)က "အမျိုးသားနိုင်ငံရေးကဏ္ဍ" ကိုလည်းကောင်း၊ မကွေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်ကြီး မောင်မောင်သန်း(ငြိမ်း)က "နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ"ကိုလည်းကောင်း၊ မကွေးခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးဇော်ဝင်း(ငြိမ်း)က "စီးပွားရေးကဏ္ဍ"ကို လည်းကောင်း၊ မင်းဘူးခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးမြင့်လွင်(ငြိမ်း)က "လူမှုရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းကဏ္ဍ" ကိုလည်းကောင်း၊ တောင်တွင်းကြီး မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးညိုဝင်း(ငြိမ်း) က "ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ" ကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အတည်ပြု

ထို့နောက် သဘာပတိက မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်မည့် ရေ့လုပ်ငန်းစဉ်(၅)ရပ်ကို ညီလာခံကိုယ်စားလှယ်များ၏ ဆန္ဒရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက မကွေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်သည့် ဆုံးဖြတ်ချက်နှစ်ရပ်၊ အတည်ပြုခြင်း တစ်ရပ်၊မှတ်တမ်းတင်ခြင်းငါးရပ်တို့ကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို နံနက် ၁၀နာရီ ၁၀မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

❒ **တနင်္သာရီတိုင်းမှ**

အနေများကို အသီးသီး ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းရှင်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တနင်္သာရီတိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားခဲ့သည်။ (သတင်းစဉ်)

✡ **ကျောဖုံးမှ**

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့နယ် ကွန်တိုင်းကလေးကျေးရွာ၌ ငါးလုပ်ငန်းဦးစီးဌာနက မြေဧက ၃၀၀ တွင် ရေချိုငါးအသားတိုးမွေးမြူမည့်ကန်များ တူးဖော်ပြီးစီးနေသည့်အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စခန်းယာယီရှင်းလင်းဆောင်၌ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းအောင်က ငါးသန်/ငါးဖျန်းပြုစုကန်၊ ငါးအသားတိုး မွေးမြူရေးကန်များနှင့် ရေသွင်း/ရေထုတ်ပြုလုပ်နိုင်မည့်အခြေအနေ၊ ကုန်ထုတ်လမ်းအဖြစ်သုံးမည့် ရေလမ်းကြောင်းအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက ယခုရာသီချိန်မီ ကန်များအားလုံး ငါးထည့်သွင်းမွေးမြူရေး၊ သဘာဝပတ်ဝန်းကျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ငါးမွေးမြူရေးကန်နှင့် ငါးမွေးကန်လုပ်သားများ၏ စားဝတ်နေရေး စီမံဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးမှာကြားပြီး မွေးမြူရေးစခန်း၏ ကုန်ထုတ်လမ်းကြောင်း တူးဖော်ရမည့်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်ရေနက်ကွင်းရှိ ထိပ်ဆုံးမှ အောင်နိုင်မှုလီမိတက် (Top Success Ltd.) ၏ ငါးအသားတိုးမွေးမြူရေးစခန်းသို့ လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဝါးတော ငါးမွေးမြူရေးစခန်းသို့ လည်းကောင်း ရောက်ရှိပြီး အဝေးကြည့်မျှော်စင်မှ ငါးမွေးမြူရေးကန်များ ဆောင်ရွက်ထားမှု၊ ဖော်ယူရောင်းချပြီးသည့် ငါးမွေးမြူရေးကန်များ၊ ထပ်မံမွေးမြူနိုင်ရန် ပြုပြင်ထားမှုနှင့် ငါးမြစ်ချင်းမျိုးသစ်မွေးမြူဖော်ယူပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်အပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို) ဖြိုးရော ကုမ္ပဏီလီမိတက်၏ အမှတ်(၂) ငါးမွေးမြူရေးစခန်း(ဝါးတော)သို့ ရောက်ရှိပြီး ဖြိုးရော ကုမ္ပဏီလီမိတက် ငါးမွေးမြူရေးစခန်းများ၏ ငါးမွေးမြူထားရှိမှု၊ အသားတိုးငါးများ၏ ကြီးထွားနှုန်း ကောင်းမွန်မှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။ (သတင်းစဉ်)

❋ **ဟန်လင်းမြို့ဟောင်းမှ**

မြေခွက်များ၊ မြေအိုးများ၊ မြေအိုးကြီးသုံးလုံး၊ ကြေးထည်ပစ္စည်း၊ ကျောက်လက်နက်၊ ကျောက်ပုတီးစေ့များ၊ သံလက်နက်တို့ကို တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါ ရှေးဟောင်းလူအရိုးစုများ၊ ရှေးဟောင်းပစ္စည်းများ တူးဖော်တွေ့ရှိရသော ဟန်လင်းမြို့ဟောင်းသို့ ယဉ်ကျေးမှုဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ရှေးဟောင်းသုတေသနပညာရှင် ဦးညွန့်ဟန်နှင့် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန ပါမောက္ခ/ဌာနမှူး ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ဒေါက်တာတင်သိန်းတို့သည် မေ ၁၇ ရက်မှ ၁၉ရက်အထိ သွားရောက်ကွင်းဆင်း လေ့လာခဲ့ကြသည်။

အဆိုပါ ပညာရှင်နှစ်ဦး၏ လေ့လာချက်အရ တစ်ဝက်တစ်ပျက် ကျောက်ဖြစ်နေသော (Semifossilized) လူအရိုးစုများ အပါအဝင် အခြားလူအရိုးစုများကို မြေလွှာလေ့လာမှု အထောက်အထားအရ မြေအနက် ၁၆ပေ စတုတ္ထမြေလွှာမှ တွေ့ရှိရသော လူအရိုးစုသည် နှစ် ၅၀၀၀ကျော် ကာလအထက်က ဖြစ်မည်ဟု ခန့်မှန်းသည်။ တတိယမြေလွှာ မြေအနက် ၁၃ပေနှင့် ၁၁ပေအကြား တွေ့ရသော လူအရိုးစုများသည် နှစ် ၅၀၀၀ ဝန်းကျင်ခန့်ဖြစ်မည်ဟု ခန့်မှန်းသည်။ မြေအနက် ရှစ်ပေနှင့် ခုနစ်ပေအကြား ဒုတိယမြေလွှာမှတွေ့ရသော လူအရိုးစုများသည် နှစ် ၄၀၀၀ခန့်က ဖြစ်မည်ဟု ခန့်မှန်းထားသည်။

ဟန်လင်းမြို့ဟောင်းတွင် ကျောက်ချောခေတ်သုံး ကျောက်လက်နက်များ တူးဖော်ရရှိခြင်း၊ ကြေးခေတ်လက်နက်များ တူးဖော်ရရှိခြင်း၊ မြန်မာနိုင်ငံ ကြေးခေတ်ဒေသများဖြစ်သည့် ညောင်ကန်၊ မြင်းဦးလှည့်၊ နှောကန်၊ မြို့လှစသော ဒေသများတွင် တူးဖော်ရရှိခဲ့သည့် မြေထည်အိုးခွက်များ ပုံသဏ္ဌာန်နှင့် မြေထည်မြေသားတူညီခြင်းတို့ကြောင့် ဟန်လင်းဒေသတွင် ပျူလူမျိုးတို့၏ ရှေးဦးအနွယ်များသည် ကျောက်ခေတ်၊ ကြေးခေတ်ကာလကတည်းက အခြေချနေထိုင်ခဲ့ကြောင်း၊ ကျောက်ခေတ်၊ ကြေးခေတ်မှသည် မြို့ပြနိုင်ငံ ပေါ်ထွန်းသည့်ခေတ်အထိ ယဉ်ကျေးမှုခေတ်အဆင့်ဆင့်ကို ဖြတ်သန်းနေထိုင်ခဲ့ကြကြောင်း ရှေးဟောင်းသုတေသန အထောက်အထားများအရ ကောက်ချက်ချနိုင်သည်။ ဟန်လင်းဒေသတွင် လတ်တလော တူးဖော်တွေ့ရှိချက်များအရ ယခင်က ဟန်လင်းမြို့ပြ ယဉ်ကျေးမှုကို အေဒီ(၃)ရာစုမှ (၈)ရာစုအကြားတွင် ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်ဟူသော သမိုင်းအယူအဆကို ပြန်လည်စိစစ်သုံးသပ် ပြင်ဆင်ရမည့်အခြေအနေ ရှိနေသည်။

(သတင်းစဉ်)

ဟန်လင်းမြို့ဟောင်းတွင် ရှေးဟောင်းသုတေသနဦးစီးဌာနက တူးဖော်သုတေသနပြုတွေ့ရှိခဲ့သော ကုန်းအမှတ်(၂၅)မှ တူးဖော်တွေ့ရှိရသော တစ်ဝက်တစ်ပျက် ကျောက်ဖြစ်နေသော လူအရိုးစုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဟန်လင်းမြို့ဟောင်းတွင် ရှေးဟောင်းသုတေသနဦးစီးဌာနက တူးဖော်သုတေသနပြုတွေ့ရှိခဲ့သော ကုန်းအမှတ်(၂၆)မှ ကြေးခေတ်သုံး မြေအိုး၊မြေခွက်များကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၂၃

ထိုင်းနိုင်ငံ၌ မေ ၁၈ရက်မှ ၂၁ရက်အထိ ကျင်းပခဲ့သည့် ကဆုန်လပြည့်(ဗုဒ္ဓနေ့)အခမ်းအနားနှင့် အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ခဲ့ကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရဦးဆောင်ပြီး ဆရာတော်ကိုးပါးနှင့် လူပုဂ္ဂိုလ်ခြောက်ဦးပါဝင်သော မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ယင်း မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့အား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရဦးဆောင်သော မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)

ဖြူးဆရာတော် ပြည်ပသာသနာပြုကြွရောက်

ရန်ကုန် မေ ၂၃

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (ဗဟုဇနဟိတဓရဓမ္မကထိက) မဟာစည်ပြည်တွင်းပြည်ပ နာယက၊ ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ၊ လှိုင်၊ ရန်ကုန်မြို့နှင့် ဖြူးမြို့ မဟာစည် သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက ဆရာတော်အရှင်သူမြတ်သည် မေ ၆ ရက်တွင် မြတ်ဗုဒ္ဓ၏ မဟာသတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရားများ ဟောကြားချီးမြှင့်ရန်အတွက် ပြည်ပနိုင်ငံများသို့ သာသနာပြုခရီး ကြွရောက်တော်မူရာ တပည့်သံဃာတော်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(အောက်ပုံ) (က-ပ)

ဆုချီးမြှင့်

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မျိုးဆက်သစ် ဒိုင်ဗင်အားကစားသမား များ၏ အရည်အချင်းစစ် ဒိုင်ဗင်ပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသည့် နော်အဲဆေးထီးအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေး ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

မျိုးဆက်သစ်ဒိုင်ဗင်အားကစားသမားများ အရည်အချင်းစစ်ဒိုင်ဗင်ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ကျင်းပသော မျိုးဆက်သစ် ဒိုင်ဗင်အားကစားသမားများ၏ အရည်အချင်းစစ် ဒိုင်ဗင်ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အမျိုးသမီး ဒိုင်ဗင်ပြိုင်ပွဲတွင် အမှတ်ပေါင်း ၁၁၂ ဒသမ ၅ မှတ်ဖြင့် တတိယရရှိသော ခင်လေးနု၊ အမှတ်ပေါင်း ၁၁၉ဒသမ ၁၅မှတ်ဖြင့် ဒုတိယရရှိသော လှလှဖုံနှင့် အမှတ်ပေါင်း ၁၂၃ ဒသမ ၉မှတ်ဖြင့် ပထမရရှိသော နော်အဲဆေးထီးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးက အမျိုးသားပြိုင်ပွဲတွင် အမှတ်ပေါင်း ၁၃၈ ဒသမ ၇၅ မှတ်ဖြင့် တတိယရရှိသော ဇင်မောင်ထက်၊ အမှတ်ပေါင်း ၁၃၉ ဒသမ ၃ မှတ်ဖြင့် ဒုတိယရရှိသော စောဆံလင်းနှင့်အမှတ်ပေါင်း ၁၆၂ ဒသမ ၅မှတ်ဖြင့် ပထမရရှိသော ကျော်သူအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ် နှိမ်နင်းရေးနှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက် ၃နှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် မိမိတို့ ရင်သွေးငယ်များခြင်ကိုက် မခံရစေရန် အောက်ပါအတိုင်းဆောင်ရွက်ကြပါရန်နှိုးဆော်အပ်ပါသည်။

<u>လိုက်နာရမည့်အချက်များ</u>

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။

(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကိုနေ့စဉ်လဲလှယ်ပေးပါ။

(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။

(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်း လင်းပါ။

(င) မိမိတို့အိမ်ရှေ့အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာ ကောင်းအောင်ရှင်းလင်းပါ။ (လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။)

(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သောမြေနိမ့်များကိုဖို့ပါ။

(ဆ) အလင်းရောင်ရရှိရန်တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။

(ဇ) အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းအောင်ထားပါ။

(ဈ) ကလေးများနေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။

(အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုး စသည်တို့ကို ဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

လိပ်မျိုးများရေရှည်တည်တံ့ရန် ထိန်းသိမ်းစောင့်ရှောက်ရေး ပညာပေးနှိုးဆော်ချက် ၁/၂၀၀၅

လိပ်မျိုးများသည် ရှေးအကျဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး သတ္တဝါများဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် လိပ်မျိုးစိတ်အများအပြားသည် မျိုးသုဉ်းပျောက်ကွယ်မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြုန်းတီးလုသတ္တဝါ မျိုးစိတ်တွင် သတ်မှတ်ထည့်သွင်း၍ ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပင်လယ်လိပ်များသည် အရွယ်ရောက်ရန် အနှစ်(၃၀)မှ(၅၀)အထိကြာမြင့်ပြီး အရွယ်ရောက်လိပ်ကြီးတစ်ကောင် ဖြစ်လာရန် မမျှော်မှန်းနိုင်လောက်အောင် ခဲယဉ်းပါသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ပင်လယ်လိပ်မျိုးစိတ် (၇)မျိုးရှိရာ မြန်မာနိုင်ငံတွင် (၅)မျိုးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လိပ်မျိုးမပြုန်းတီးရေးနှင့် မြန်မာသက်ရှိ သယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ လိပ်ဥများကို တူးဖော်စားသုံးခြင်းမပြုရန်နှင့် လိပ်သားပေါက်များအား ထိန်းသိမ်းစောင့်ရှောက် ရှင်သန်ခွင့်ပေးရန်။

၂။ လိပ်များကို သတ်ဖြတ်စားသုံးခြင်းမပြုရန်နှင့် ငါးဖမ်းပိုက်များတွင် မတော်တဆဖမ်းဆီးရမိပါက ဘေးကင်းရာ ရေပြင်သို့ ပြန်လွှတ်ပေးရန်။

၃။ ငါးဖမ်းရေယာဉ်ရှိ ပိုက်များ၌ လိပ်များ လွတ်မြောက်စေနိုင်သောကိရိယာ Turtle Excluder Devices (TEDs)များ တပ်ဆင်သုံးစွဲရန်။

၄။ ငါးဖမ်းပိုက်အစများ၊ ရော်ဘာစများ၊ ပလတ်စတစ်အိတ်ခွံများနှင့် စက်သုံးစွန့်ပစ္စည်းများ၊ ဓာတုစွန့်ပစ်ပစ္စည်းများ ရေပြင်သို့မစွန့်ပစ်ရန်။

၅။ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၂/၉၃)ပါ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး မည်သူမျှ မည်သည့်လိပ်မျိုးကိုမဆို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့အပြင် လိပ်ဥများကို ရွှေ့ပြောင်းခြင်း၊ တူးဖော်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် အခြားနည်းတစ်စုံတစ်ရာဖြင့် နှောင့်ယှက်ခြင်း မပြုလုပ်ရန်ထုတ်ပြန်ထားသည့် တားမြစ်ချက်များကိုလိုက်နာရန်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

စက်ရေတွင်းဖွင့်ပွဲနှင့် ကျေးလက်ကျန်းမာရေးဌာနဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်

ရန်ကုန် မေ ၂၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၆ ရက် နံနက်ပိုင်းက ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဘီသျှူးကျေးရွာအလှူရှင် စက်ရေတွင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိက စက်ရေတွင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဘီသျှူးကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ဘီသျှူးကျေးရွာအလှူရှင် စက်ရေတွင်းအား စစ်ကိုင်းတိုင်းစည်ပင် သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး၊ စစ်ကိုင်းခရိုင် ဥက္ကဋ္ဌနှင့် အလှူရှင်ကိုယ်စား ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ စက်ရေတွင်းမှာ အနက်ပေ ၃၃၀ ရှိ နှစ်လက်မစက်ရေတွင်းဖြစ်ပြီး တစ်နာရီလျှင် ရေဂါလန် ၁၀၀၀ ထွက်ရှိပြီး ငွေကျပ် ၁၁သိန်း ခြောက်သောင်း အကုန်အကျခံ တူးဖော်ခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဘုတလင်မြို့နယ်၊ ငပယင်းကျေးရွာ၌ ကျင်းပသည့် ကျေးလက် ကျန်းမာရေးဌာန အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ မုံရွာခရိုင် ဥက္ကဋ္ဌနှင့် ကျေးရွာဥက္ကဋ္ဌတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးက ကျေးလက်ကျန်းမာရေးဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ပူးတွဲလှူဒါန်း

အဆိုပါ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်အား မန္တလေးမြို့မှ ပွဲစားကြီး ဦးခင်မောင်၊ ဒေါ်ခင်ကြည်မိသားစုက ငွေကျပ် ၁၃၅သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အလျား ၄၅ ပေ၊ အနံ ၂၇ ပေ၊ အမြင့် ၁၂ ပေရှိ တစ်ထပ်အုတ်ညှပ် အဆောက်အအုံဖြစ်ကြောင်းနှင့် ရေစက်၊ မီးစက်ခန်းပါ ပါဝင်ပြီး အနက်ပေ ၄၀၀ ရှိ နှစ်လက်မ စက်ရေတွင်းနှင့် ပျဉ်ကာ၊ သွပ်မိုး ၁၂ ပေ ငါးခန်းပါ ဝန်ထမ်းအိမ်ရာကိုပါ ပူးတွဲလှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက်တိုင်းမှူးသည် ငပယင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျေးရွာ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြားကာ ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲသို့ ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းစိမ်းလုံချည်၊ အားကစား ပစ္စည်းနှင့် စာကြည့်တိုက်အတွက် မဂ္ဂဇင်းစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

(၅၇)ကြိမ်မြောက် တိပိဋကစရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အဖွင့်အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

(၅၇)ကြိမ်မြောက် တိပိဋကစရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ ကျင်းပရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၃

(၅၇)ကြိမ်မြောက် တိပိဋကစရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက် နံနက် ၁၀ နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်ပြီး တိပိဋကစရေ ချီးကျူးပူဇော်ပွဲ ကျင်းပရေးအဖွဲ့နာယက သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိပိဋကစရေ ချီးကျူးပူဇော်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြ

ဆက်လက်၍ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်တို့က တိပိဋကစရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကဏ္ဍအလိုက် တင်ပြကြသည်။

ရုပ်သိမ်း

ယင်းနောက် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများက ချီးကျူးပူဇော်ပွဲနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏ နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး။

မိုးဦးကျနှင့် မိုးရာသီတွင်ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင်အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်-

(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများအပါအဝင် ဝမ်းနှင့် ပတ်သက်သည့်ရောဂါများ၊ အသည်းရောင် အသားဝါရောဂါနှင့် သန်ကောင်၊ တုပ်ကောင်ရောဂါများ။

(ခ) သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ

(ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့်အကြောင်းရင်းမှာ-

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီး စသည့် သစ်သီးဝလံများ၏အခွံ၊ အစေ့ စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါများခြင်း။

(ခ) ရာသီစာ အမှည့်လွန်အသီးများကို စားသုံးခြင်း။

(ဂ) မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့်ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်း ပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း။

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း။

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုနည်းပါးခြင်း။

(စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်း ခြင်း။

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော် အပ်ပါသည်-

(က) အမှည့်လွန်အသီးများကိုစားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

(ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။

(ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) မိမိတို့မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ။ လိုက်နာကျင့်သုံးပါ။

(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာ ဆောင်ရွက်ပါ။

(စ) ရေကို ကျိုချက်၍သောက်ပါ။

(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ။

(ဇ) ရာသီဥတု၊ အပူအအေးအပြောင်းအလဲကို သတိရှိပါ။

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင် နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ။

(ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ။

(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက် ပြသစစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကတ္တရာလမ်းခင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မန္တလေး မေ ၂၂

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၈ ရက် ညနေ ၃ နာရီက ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အရှေ့ရပ်ကွက် ၈၂ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းအကြား ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှုလုပ်ငန်းနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်သို့ ရောက်ရှိပြီး ၈၂ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းအကြား အကျယ်ပေ ၅၀၊ လမ်းအရှည်ပေ ၅၄၀ရှိသော ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်း ဆောင်ရွက်နေမှုများနှင့် လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ ရေစီးဆင်းမှုကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းစံချိန်စံညွှန်း ပြည့်မီစေရေး၊ စက်ယန္တရားကြီးများ အကျိုးရှိစွာ အသုံးချရေးနှင့် လမ်းသုံးပစ္စည်းများ အလေအလွင့်နည်းပါးစေရေးအတွက်ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ခံအင်ဂျင်နီယာနှင့် တာဝန်ရှိသူများအား မှာကြားသည်။

မှာကြား

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ၈၃ လမ်းတစ်လျှောက် ၂၆ လမ်းမှ ၃၁ လမ်းအထိ လမ်းအခြေအနေ၊ လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ ရေစီးဆင်းမှုအခြေအနေနှင့် သန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

(မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်၊ စာအုပ်များလှူဒါန်း

ပျော်ဘွယ် မေ ၁၂

ပျော်ဘွယ်မြို့နယ် မြို့သစ်ရပ်ကွက် လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်းပွဲနှင့် ဟောပြောပွဲကို မေ ၉ ရက် နံနက် ၉နာရီက မြို့သစ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးတွင်ကျင်းပသည်။ ထို့နောက် ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့သစ်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဆန်နီ၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မေစောမွန်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက် ရေး အသင်းဝင်များ၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က စာအုပ်များပေးအပ်လှူဒါန်းပြီး ဟောပြောပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(မြို့နယ်ပြန်ဆက်)

အဆို၊ အက၊ အရေး၊ အတီး သင်တန်းဖွင့်

ပြင်ဦးလွင် မေ ၁၀

ပြင်ဦးလွင်မြို့နယ် အဆို၊ အက၊ အရေး၊ အတီးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂ရက် နံနက် ၉နာရီက အမှတ်(၁) အခြေခံအထက်တန်းကျောင်း ဧရာဝတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာက အဆို၊ အက၊ အရေး၊ အတီး သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

၁၀၈ဦး

အဆိုပါ အဆို၊ အက၊ အရေး၊ အတီးသင်တန်းမှာ တစ်လကြာမြင့်မည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၁၀၈ဦး တက်ရောက်ကြသည်။

(၄၂၁)

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိရာ ကန်ပေါက်ကျေးရွာတွင် မေ ၅ ရက်မှစတင်၍ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းအား မြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဝင်းတို့ ကြီးကြပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

မိုင်းရှူး မေ ၅

မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီးတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမျိုးသမီးရေးရာအဖွဲ့အင်အား ၁၀၀ ဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်းပြီး ဧပြီ ၂၄ရက်က ဆောင်ရွက်ခဲ့ရာ နယ်မြေခံတပ်ရင်းမှူး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အမှုဆောင်များ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

(နယ်စပ်စည်ပင်)

တူးဖော် ပြုပြင်

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းနှင့် ဝန်ထမ်းများ မေ ၉ ရက်က အမှတ်(၈)ရပ်ကွက်၊ အောင်မင်္ဂလာ လမ်းဘေးရှိ မြို့ရေဖြန့်ဝေပေးသော ပင်မရေပိုက်လိုင်း အဟောင်းများကို တူးဖော်ပြုပြင် ဆောင်ရွက်စဉ်။ (နယ်စပ်စည်ပင်)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ဖွင့်လှစ်

မိုးကောင်း မေ ၁၄

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကြီးမှူး၍ စာကြည့်တိုက်ပညာ (ဆင့်ပွား)သင်တန်း အမှတ်စဉ် (၂/၂၀၀၅)ဖွင့်ပွဲကို မေ ၂ရက် နံနက် ၉နာရီက နမ္မတီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်ပြန်ဆက်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမောင်မောင်တာတို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင် (ထက်သူအောင်)တို့က စာကြည့်တိုက်ပညာ ရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပို့ချကြသည်။

သင်တန်းသို့ကျေးရွာလေးရွာမှ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

(၄၉၉)

မြို့နယ် သတင်းများ

ရှင်းလင်းတင်ပြ

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် ကျုံကသောင်ကျေးရွာ အဆင့်မြင့်လက်တူးတွင်း ပြုပြင်မွမ်းမံပြီးစီးမှုကို မေ ၇ ရက်က အမှုဆောင်အရာရှိ ဦးသန်းအေး စစ်ဆေးကြည့်ရှုရာ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်က လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

ကျန်းမာရေးအဆင့်မြှင့်တင်မှု လေ့ကျင့်ဆွေးနွေး

မတ္တရာ မေ ၁၀

မတ္တရာမြို့နယ်အတွင်းရှိ နေ့ကလေးထိန်းသင်တန်း တက်ရောက်ပြီးသော မူကြိုကျောင်းဆရာမများအား ကျန်းမာရေးအဆင့်မြှင့်တင်မှု စီမံချက်လုပ်ငန်း လေ့ကျင့်ဆွေးနွေးပွဲကို မေ ၂ရက် နံနက်က မတ္တရာမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာစိုင်းခမ်းအွန်က အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲသို့ ရန်ကုန်မြို့ ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေးပညာ ဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သန်း ဦးဆောင်သောအဖွဲ့ တက်ရောက်ကြပြီး မတ္တရာမြို့နယ်မှ မူကြိုနှင့် နေ့ကလေးထိန်းကျောင်း ဆရာမများ ပါဝင်လေ့ကျင့်ဆွေးနွေးကြသည်။ **(၉၉)**

အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့နှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်များအသင်း (ပုသိမ်အသင်းခွဲ) ခန်းမဆောင်တွင်ကျင်းပရာ အငြိမ်းစား သူနာပြုဆရာမကြီး သက်ကြီးရွယ်အို ၂၇ဦးတို့အား လက်ဆောင် ပစ္စည်းများ လှူဒါန်း ကန်တော့ကြစဉ်။

(၁၆၅)

စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပွဲတော်ကျင်းပ

ဆီဆိုင် မေ ၁၅

ဆီဆိုင်မြို့နယ် သစ်တောဦးစီးဌာနမှ အင်းလေးကန် မိုင် ၂၀ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ၂၀၀၅ခုနှစ် သစ်ပင်ပျိုးပွဲတော် အခမ်းအနားကို ဧပြီ ၂၄ရက်က ဆီဆိုင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေးက စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ သစ်ပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ရေမြေတောတောင် သဘာဝ စိမ်းလန်းစိုပြည်ရေးအတွက် ရှင်းလင်းပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၁ရက် ညနေက မြို့နယ် ပြည်သူ့အားကစားပြိုင်ကွင်းတွင် ကျင်းပရာ ပထမဆုရရှိသော ယူနတီဘောလုံးအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက ငွေသားကျပ်နှစ်သိန်းနှင့် ဆုဖလား ချီးမြှင့်စဉ်။

(၉၄)

ကြည့်ရှုစစ်ဆေး

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း မအူပင်မြို့နယ် ကွန်တိုင်းကလေးကျေးရွာရှိ ငါးလုပ်ငန်းဦးစီးဌာန ဧက ၃၀၀ ရေချိုငါး အသားတိုးမွေးမြူရေးကန်များ တူးဖော်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မွေး/ရေ)

တနင်္သာရီတိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ကြိုးပမ်း ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုး

ရန်ကုန် မေ ၂၃

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် မေ ၁၉ရက် နံနက် ၁၀နာရီက တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ မြိတ်မြို့ပေါ်ရှိ လုပ်ငန်းရှင်များ အားတွေ့ဆုံ၍ တနင်္သာရီတိုင်း အတွင်း ဒေသဝမ်းစာ ဖူလုံရေး၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုး အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေ

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❒

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မအူပင်မြို့နယ်အတွင်းရှိ ငါးမွေးမြူရေးစခန်းများ စစ်ဆေး

ရန်ကုန် မေ ၂၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း၊ မွေးမြူရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းတို့ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန တလုပ်လှ ငါးမွေးမြူရေးစခန်းသို့ရောက်ရှိပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ဝန်ကြီးက ငါးသားဖောက်ရာသီချိန်မီ ငါးမျိုးသစ်မျိုးငါးများ ထပ်မံစုဆောင်းရေး၊ ပတ်ဝန်းကျင် မွေးမြူရေးစခန်းများအတွက် ငါးသားပေါက်များ အချိန်မီပြည့်ဝစွာ ရရှိရေး ဆွေးနွေးမှာကြား၍ စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ✡

ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

- *ထာဝရ ငြိမ်းချမ်းရေးလမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်း၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်*

  ခေါင်းကြီး (စာမျက်နှာ-၂)

- *တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲပြီး ရွေးကောက်ပွဲကျင်းပလျက် ရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ အာဏာလွှဲပြောင်းတဲ့အချိန်မှာ တစ်ဖက်က စည်းကမ်းပြည့်ဝခိုင်မာတဲ့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းစေရန် ရေခံမြေခံ အခြေခံကောင်းတွေ အဆင်သင့်ရှိနေအောင် ကြိုတင်ပြင်ဆင်နေတယ်ဆိုတာ မြင်နိုင်စွမ်းရှိကြစေလိုပါတယ်။*

  အောင်သူမိုး(မြင်းခြံ)၏ **"အပြန်အလှန်ယုံကြည် အစဉ်လက်တွဲ ဒီမိုကရေစီအောင်ပွဲ"** ဆောင်းပါး (စာမျက်နှာ-၆)

ဟန်လင်းမြို့ဟောင်းမှ ရှေးဟောင်းရုပ်ကြွင်းအရိုးစုများ တူးဖော်တွေ့ရှိ လွန်ခဲ့သော နှစ်ပေါင်း လေးထောင်ကျော် ငါးထောင်ခန့်ကဟု ခန့်မှန်း ပျူလူမျိုးတို့ ကျောက်ခေတ်၊ ကြေးခေတ်ကတည်းက အခြေချနေထိုင်ခဲ့

ရန်ကုန် မေ ၂၃

ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ရှေးဟောင်းသုတေသနဦးစီးဌာန အထက်မြန်မာပြည်ဌာနခွဲ ရွှေဘို၊ ဟန်လင်းဌာနစုတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ခေါင်းဆောင်သော သုတေသနအဖွဲ့သည် ဟန်လင်းမြို့ဟောင်း၌ ၂၀၀၅ခုနှစ် မတ်လနှင့် ဧပြီလအတွင်းက တူးဖော်သုတေသနပြုခဲ့ကြသည်။

တူးဖော်သုတေသနပြုသောနေရာမှာ ဟန်လင်းမြို့ဟောင်း မြို့ရိုးအပြင်ဘက်တောင်ဘက် ရွှေဂူကြီးဘုရားမှ ကိုက် ၇၀၀ အကွာရှိ ယာကွက်အတွင်း ကုန်းအမှတ်(၂၅)တွင် ကျင်းလေးကျင်းနှင့် ရွှေဂူကြီးဘုရားမြောက်ဘက် ၄၀၆ပေအကွာရှိ ကုန်းအမှတ်(၂၆)တွင် ကျင်းလေးကျင်း တူးဖော်ခဲ့ခြင်းဖြစ်သည်။

ကုန်းအမှတ်(၂၅)တွင် မြေအနက် ခုနစ်ပေခြောက်လက်မ၌ လူအရိုးစုခြောက်ခု၊ မြေအနက်ရှစ်ပေခြောက်လက်မ၌ လူအရိုးစုနှစ်ခု စုစုပေါင်းလူအရိုးစု ရှစ်ခု တူးဖော်တွေ့ရှိရသည်။

ကုန်းအမှတ်(၂၆)တွင် တူးဖော်ရာမှ မြေအနက် သုံးပေ ခြောက်လက်မတွင် လူအရိုးစုတစ်ခု၊ မြေအနက် ရှစ်ပေခန့်မှ လူအရိုးစုနှစ်ခု၊ မြေအနက် ၁၁ပေကျော်မှ လူအရိုးစုနှစ်ခု၊ မြေအနက် ၁၃ပေခန့်မှ လူအရိုးစုငါးခုနှင့် မြေအနက် ၁၆ပေမှ လူအရိုးစုတစ်ခု စုစုပေါင်းလူအရိုးစု ၁၁ခု တူးဖော်တွေ့ရှိခဲ့ရသည်။ မြေလွှာအနက်အလိုက် လူအရိုးစုများနှင့်အတူ လူ့အသုံးအဆောင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❊

ဟန်လင်းမြို့ဟောင်း၌ ရှေးဟောင်းသုတေသန ဦးစီးဌာနက တူးဖော်သုတေသနပြု တွေ့ရှိခဲ့သော ကုန်းအမှတ်(၂၅)တွင် ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင် ဒေါက်တာတင်သိန်းနှင့်အဖွဲ့က ကျောက်ဖြစ်အရိုးစုကို လေ့လာကြစဉ်။ (သတင်းစဉ်)